THE WORLD BANK

Work in progress
for public discussion

WORLD BANK TECHNICAL PAPER NO. 522
*Forests Series*

# သစ်ထုတ်လုပ်ခွင့်မူဝါဒများနှင့် အခွန်တော်ကောက်ခံမှုစနစ် အပူပိုင်းသစ်တောများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် မူဝါဒအပြောင်းအလဲများနှင့် အတွေ့အကြုံများ






John A.Gray ၏ Forest Concenssion Policies and Revenue Systems ကို ဘာသာပြန်ထားခြင်းဖြစ်ပါသည်။

# မာတိကာ


| | | |
|---|---|---|
| | **အပိုင်း (၁)** | |
| ၁။ | သစ်ထုတ်ခွင့်ဆိုင်ရာစီမံအုပ်ချုပ်မှုနည်းစနစ်များ | ၁ |
| ၂။ | အပူပိုင်းဒေသ သစ်တောများ၏ဖြစ်စဉ်၊ အမျိုးမျိုးသောအသုံးဝင်မှု၊ အကျိုးကျေးဇူး အမျိုးမျိုးနှင့် တန်ဖိုးဝင်မှုနှင့် ရှုပ်ထွေးမှု | ၁ |
| ၃။ | သမပိုင်းသစ်တောနိုင်ငံများ | ၂ |
| ၄။ | ရင်ဆိုင်ကြုံတွေ့ရသည့် ပြဿနာများ | ၂ |
| ၅။ | ဆွေးနွေးရမည့်အချက် (၁)<br>အများပြည်သူပိုင် (သို့) ဦးပိုင်ခွင့်နှင့် သစ်တောစီမံ အုပ်ချုပ် ပိုင်ခွင့် ပြဿနာ | ၃ |
| ၆။ | ဆွေးနွေးရမည့်အချက် (၂)<br>သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အဖိုးတန် အရာများ | ၄ |
| ၇။ | ဆွေးနွေးရမည့်အချက် (၃)<br>ဒေသခံကျေးလက်ပြည်သူပိုင် သစ်တောများအသုံးပြုမှုနှင့် အကျိုးကျေးဇူးများ | ၅ |
| ၈။ | ဆွေးနွေးရမည့်အချက် (၄)<br>သစ်တော/ သစ်တောမြေအား အသုံးချပိုင်ခွင့်ကာလ ပိုင်းဖြတ်ခြင်း | ၅ |
| ၉။ | ဆွေးနွေးရမည့်အချက် (၅)<br>ထုတ်ယူသုံးစွဲခွင့်ပြုသည့် အကျယ်အဝန်း/ ပမာဏ | ၆ |
| ၁၀။ | ဆွေးနွေးရမည့်အချက် (၆)<br>သစ်တောပိုင်ဆိုင်ခွင့်ဆိုင်ရာ အခွန်နှင့်ရန်ပုံငွေ ပြန်လည် ရရှိမှုအခြေအနေ | ၇ |
| ၁၁။ | ဆွေးနွေးရမည့်အချက် (၇)<br>သစ်ထုတ်ခွင့် ခွဲဝေပေးရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ဈေးပြိုင်ခေါ်ယူခြင်း | ၈ |
| ၁၂။ | ဆွေးနွေးရမည့်အချက် (၈)<br>သစ်ထုတ်ခွင့်စီမံအုပ်ချုပ်မှု ကောင်းမွန်စေရန်မက်လုံးပေးမှု | ၁၀ |
| ၁၃။ | ဆွေးနွေးရမည့်အချက် (၉)<br>သစ်တောအုပ်ချုပ်မှုအားစစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့်ကြီးကြပ်အကဲဖြတ်ခြင်း | ၁၁ |
| | **အခန်း (၃)** | |
| ၁၄။ | နိုင်ငံအချို့မှ သစ်တောထုတ်လုပ်ခွင့်ပုံစံကွဲများ | ၁၃ |
| ၁၅။ | ကာလရှည်သစ်ရောင်းချမှု | ၁၄ |
| ၁၆။ | သစ်တောစီမံခန့်ခွဲခွင့်လိုင်စင် (FML) | ၁၅ |

| | | |
|---|---|---|
| ၁၇။ | ထုထည်အလိုက်ဝေစုကျသစ်ထုတ်ခွင့် | ၁၇ |
| ၁၈။ | အစိုးရသစ်လုပ်ငန်း | ၁၇ |
| ၁၉။ | မြေမှအပ သစ်တောများကို ပုဂ္ဂလိပိုင် ချထားပေးခြင်း | ၁၉ |
| ၂၀။ | သစ်တောမြေနှင့် သစ်တောများကို ပုဂ္ဂလိပိုင် ချထား ပေးခြင်း | ၂၀ |
| ၂၁။ | အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း | ၂၁ |
| | **အခန်း (၄)** | |
| ၂၂။ | သစ်တောများကို ရေရှည်တည်တံ့ခိုင်မြဲစွာ ထုတ်ယူခွင့် ပြုခြင်း | ၂၂ |
| ၂၃။ | ထုတ်ယူခွင့်ပြု ကန်ထရိုက်စာချုပ်များ၏ ရည်ရွယ်ချက်များ | ၂၂ |
| ၂၄။ | ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ ရည်ရွယ်ချက်များ | ၂၂ |
| ၂၅။ | စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရည်ရွယ်ချက်များ | ၂၃ |
| ၂၆။ | သစ်ထုတ်လုပ်ခွင့်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ | ၂၃ |
| ၂၇။ | သစ်ထုတ်ခွင့် လုပ်ငန်းခွဲဝေချထားပေးခြင်း လုပ်ငန်းစဉ်များ | ၂၄ |
| ၂၈။ | သစ်တောစီမံ အုပ်ချုပ်လုပ်ပိုင်ခွင့်စာချုပ်– အဖွဲ့နှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၂၅ |
| ၂၉။ | Conessions လုပ်ငန်းများအား အနီးကပ်ကြီးကြပ်စစ်ဆေးခြင်း | ၂၆ |
| ၃၀။ | သစ်ထုတ်ခွင့်လိုင်စင်များကို ပြန်လည်သုံးသပ်ပြီး သက်တမ်းတိုး ချထားပေးခြင်း | ၂၆ |
| | **အပိုင်း (၂)** | |
| ၃၁။ | သစ်တောအခွန်နှင့် တန်းထိုးဖြတ်ခြင်းဆိုင်ရာ မူဝါဒများ<br>သစ်တောတန်းဖိုးများဖွဲ့စည်းပုံ | ၂၈ |
| ၃၂။ | သင့်လျော်သော သစ်တောတန်ဖိုးဖြတ်ခြင်းမူဝါဒများ | ၂၈ |
| ၃၃။ | သစ်တောတန်ဖိုးတွက်ချက်မှုအခြေခံ<br>သစ်တန်ဖိုးနှင့် သစ်ထုတ်ခွင့်များ<br>သစ်တန်ဖိုးများ | ၂၉ |
| ၃၄။ | သစ်ထုတ်ခွင့်တန်းဖိုး | ၃၀ |
| | **အခန်း (၆)** | |
| ၃၅။ | အပူပိုင်းသစ်တောများတွင် သစ်တောအခွန်တော်နှင့် တန်ဖိုး သတ်မှတ်ခြင်း | ၃၁ |
| ၃၆။ | အရှေ့တောင်အာရှ သစ်တောအခွန်တော်များ | ၃၂ |
| ၃၇။ | မလေးရှားနိုင်ငံ သစ်တောအခွန်တော်များ | ၃၂ |
| ၃၈။ | အင်ဒိုနီးရှားနိုင်ငံ သစ်တောအခွန်တော်များ | ၃၃ |
| ၃၉။ | ကမ္ဘောဒီးယားနိုင်ငံ သစ်တောအခွန်တော်များ | ၃၃ |
| | **အခန်း (၇)** | |
| ၄၀။ | သစ်တောအခွန်တော်များ၏ အရေးကြီးမှု | ၃၅ |
| ၄၁။ | ဆွေးနွေးရမည့်အချက်(၁) နည်းပါးသည့် သစ်တော အခွန်တော် များနှင့် ကောက်ခံခြင်း | ၃၅ |

| | | |
|---|---|---|
| ၄၂။ | သစ်တောဝန်ဆောင်ခ အဆင့်သတ်မှတ်ရန်အတွက် ရွေးပိုင်ခွင့် | ၃၆ |
| ၄၃။ | သစ်တောအခွန်တော်များကောက်ခံမှုချိန်ညှိခြင်းအတွက် ရွေးချယ်မှု | ၃၇ |
| ၄၄။ | ဆွေးနွေးရမည့်အချက်(၂)<br>သစ်တောအခွန်တော်ငွေကောက်ခံခြင်းနှုန်းအားနည်းခြင်း | ၃၇ |
| ၄၅။ | သစ်တောအခွန်တော်ငွေကောက်ခံမှုတိုးတက်စေခြင်း | ၃၈ |
| ၄၆။ | ဆွေးနွေးရမည့်အချက်(၃) အနည်းဆုံး သစ်တောအခွန်တော် ကောက်ခံခြင်း | ၃၉ |
| ၄၇။ | ဆွေးနွေးရမည့်အချက်(၄) သစ်ထုတ်ခွင့်အပေါ် ကောက်ခံသည့် သစ်တောအခွန်တော်များ | ၃၉ |
| ၄၈။ | ဆွေးနွေးရမည့်အချက်(၅) သစ်ထုတ်ခွင့်နှင့် Bonus Bids အပေါ် လေလံပစ်ခြင်း | ၄၀ |
| | **အခန်း (၈)** | |
| ၄၉။ | သစ်တောအခွန်ကောက်ခံသည့်ပုံစံများတိုးတက်ကောင်းမွန်စေခြင်း | ၄၁ |
| ၅၀။ | သစ်တောအခွန်တော်ကောက်ခံသည့် ပုံစံများ | ၄၁ |
| ၅၁။ | သစ်တောအခွန်ကောက်ခံမှုဖွဲ့စည်းပုံ | ၄၁ |
| ၅၂။ | သစ်အပေါ်ကောက်ခံသည့် သစ်တောအခွန်တော်များ | ၄၁ |
| ၅၃။ | သစ်တောလုပ်ပိုင်ခွင့်များအပေါ် ကောက်ခံသည့် အခွန်တော်များ | ၄၂ |
| | **အခန်း (၉)** | |
| ၅၄။ | အပူပိုင်းသစ်တောများအတွက် အဆိုပြုထားသော သစ်တော တန်ဖိုးသင့်မူဝါဒများ | ၄၃ |
| ၅၅။ | အများပြည်သူနှင့်ဆိုင်သော သစ်တောမြေပေါ်မှ ကောက်ခံသည့် သစ်တောအခွန်တော်များ | ၄၄ |
| ၅၆။ | အစုအဖွဲ့ပိုင်နှင့် ပုဂ္ဂလိကပိုင် မြေများရှိ သစ်တောအခွန်တော်များ | ၄၅ |
| ၅၇။ | သစ်တောအခွန်တော်များ အတန်းအစား တည်ဆောက်ခြင်း | ၄၅ |
| ၅၈။ | ပင်ထောင်သစ်များ၏ Stumpage value | ၄၆ |
| ၅၉။ | Stumpage value ခန့်မှန်းခြင်း | ၄၇ |
| ၆၀။ | သစ်တောအခွန်တော်ကောက်ခံမှုစနစ် ထိန်းညှိခြင်း | ၄၈ |
| | **အခန်း (၁၀)** | |
| ၆၁။ | သစ်တောတန်ဖိုး သတ်မှတ်ခြင်းဆိုင်ရာ မူဝါဒများ အနှစ်ချုပ် | ၅၀ |

## အပိုင်း (၁)

## သစ်ထုတ်ခွင့်ဆိုင်ရာစီမံအုပ်ချုပ်မှုနည်းစနစ်များ

သစ်တော၏ရှုပ်ထွေးသောသဘာဝဖြစ်စဉ်များကြောင့် သစ်တောများစီမံအုပ်ချုပ်ခြင်းနှင့် ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းတွင် ပြဿနာများစွာကြုံတွေ့ရသည်။ လူမှုရေး၊ အသင်းအဖွဲ့ ဖွဲ့စည်းမှုနှင့် စီမံအုပ်ချုပ်ရေးလုပ်ငန်းများတွင်လည်း ပြဿနာများစွာ တွေ့ရှိရသည်။ အပူပိုင်းသစ်တောများ ပေါက်ရောက်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများသာမက သမပိုင်းသစ်တောများကို ပိုင်ဆိုင်ထားသည့် ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင်လည်း ဤပြဿနာများနှင့် ရင်ဆိုင်နေရသည်။ နယ်မြေဒေသဆိုင်ရာ အခြေခံအချက်များသည် တသတ်မတ်တည်းမဟုတ် ပြောင်းလဲနေပြီး အခြားသောနိုင်ငံများရရှိလာသည့် အတွေ့အကြုံများကို အကျိုးရှိစေရန် အခွင့်အလမ်းကောင်းများအဖြစ် အသုံးပြုနိုင်သည်။

## အပူပိုင်းသစ်တောများ၏ဖြစ်စဉ်၊ အမျိုးမျိုးသော အသုံးဝင်မှု၊ အကျိုးကျေးဇူး အမျိုးမျိုးနှင့် တန်ဖိုးဝင်မှုတို့၏ရှုပ်ထွေးမှု

တစ်နှစ်တွင် ၁ ဟက်တာ ၁ cubic metre ထက် ပို၍ကြီးထွားမှု မရှိသော အပူပိုင်းဒေသ သဘာဝသစ်တောအများစုသည် ကြီးထွားမှုနှေးကွေးပြီး အသက်အတန်းအစားကွာခြားခြင်းနှင့် သစ်မျိုးစိတ်များ ပေါကြွယ်ဝမှုကိုလည်းတွေ့သိရသည်။ ၎င်းသစ်တောများတွင် သစ်မျိုးစိတ် ၂၀၀ မှ ၃၀၀ အထိ ပေါက်ရောက်နိုင်ပြီး အသက်အရွယ်၊ အရွယ်အစား၊ အသုံးဝင်မှုနှင့် တန်ဖိုးဝင်မှုအဆင့်တို့လည်း ကွဲပြားခြားနားသည်။ ၎င်းတို့၏ မျိုးစိတ်ကြွယ်ဝမှုသည် အပူပိုင်းသစ်တောများအား တန်ဖိုးမြင့်စေသည်။ အမည်မသတ်မှတ်နိုင်သေးသော သစ်ပင်များနှင့် တိရစ္ဆာန်မျိုးစိတ်ထောင်ပေါင်းများစွာကိုလည်း တွေ့ရှိရသည်။ အပူပိုင်းသစ်တောများတွင် အကျိုးဆက်တစ်ခုအနေဖြင့် ထိတွေ့မရနိုင်သောအရာများ၊ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများရရှိမှု၊ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးပြုမှုနှင့် သစ်တောစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အခက်အခဲအမျိုးမျိုးတို့ကို ရင်ဆိုင်ကြုံတွေ့ရသည်။

သစ်တောမှ ဈေးကွက်မရှိသော သစ်တောထွက်ပစ္စည်းများနှင့် အကျိုးရလဒ်အမျိုးမျိုး ရရှိနိုင်ခြင်းအတွက် အပူပိုင်းနိုင်ငံအများစုတွင် သစ်တောမြေ(သစ်တောမြေနှင့် သစ်တောအပါအဝင်) ငှားရမ်းအသုံးချမှု အစီအစဉ်၊ သစ်တောမြေနှင့် သစ်တောမှရရှိလာမည့်အကျိုးအမြတ်များ ပိုင်ဆိုင်ခွင့်အခြေအနေ စသည်တို့ကိုဖော်ပြရာ၌ ရှင်းလင်းပြတ်သားမှုမရှိပါ။ ထို့အပြင် တန်ဖိုးမဖြတ်နိုင်သော အပူပိုင်းသစ်တောများအား စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ရာတွင် ပြဿနာများစွာကြုံတွေ့ရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏လူဦးရေ တိုးတက်လာခြင်းအကျိုးဆက်တစ်ခုအဖြစ် မြေယာမဲ့များ၏ မိသားစုတို့သည် နေထိုင်လုပ်ကိုင်နိုင်ရန် သစ်တောမြေအတွင်း စိုက်ပျိုးမြေများ ကျူးကျော်ဆောင်ရွက်လာကြသည်။ အပူပိုင်းသစ်တောများအား ကောင်းစွာထိန်းသိမ်းထားခြင်းနှင့် စီမံအုပ်ချုပ်ထားခြင်း မရှိလျှင် ဈေးကွက်မဝင်သော အခြားသစ်တောထွက်များနှင့် ရေစီးရေလာထိန်းသိမ်းထားနိုင်ရန်၊

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့ဖြစ်စေရန်၊ နိုင်ငံ၏ GDP ဖြည့်ဆည်းရန် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခြင်းဖြင့် သစ်တောများအနည်းငယ်သာ ကျန်ရှိတော့သည်။

ထို့နောက် အစိုးရငွေကြေးထောက်ပံ့မှု နည်းပါးလာသောအချိန်တွင် သစ်တောစီမံအုပ်ချုပ်ခြင်းနှင့် ကာကွယ်ထိန်းသိမ်းခြင်းအခြေအနေ၌ အခက်အခဲများပေါ်ပေါက်လာသည်။ လူ့စွမ်းအားအရင်းအမြစ်မလုံလောက်သော ဌာန၊ အဖွဲ့အစည်းတို့သည် သစ်တောစီမံအုပ်ချုပ်ခြင်းနှင့် မြေပြင်ရှိ သစ်တောလုပ်ငန်းများအား စီမံကြီးကြပ်ရာတွင် ငွေကြေးနှင့် ဝန်ထမ်းအင်အားပြတ်လပ်မှု အခြေအနေဖြင့် ရင်ဆိုင်ရသည်။ ထို့ကြောင့် အပူပိုင်းသစ်တောများအားစီမံအုပ်ချုပ်ခြင်းနှင့် ထိန်းသိမ်းရန် အမှန်တကယ်လိုအပ်နေသောအခါ အစိုးရ၏ ထောက်ပံ့ကူညီမှုလိုအပ်ပါသည်။

## သမပိုင်းသစ်တောနိုင်ငံများ

သမပိုင်းသစ်တောနိုင်ငံများတွင် ကြုံတွေ့ရသော သစ်တောစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အခက်အခဲများနှင့် ပြဿနာများသည် အပူပိုင်းသစ်တောများကဲ့သို့ အဆင့်အတန်းအရ မတူညီသော်လည်း အမျိုးအစားပုံစံတို့မှာ တစ်ထပ်တည်းတူညီသည်။ သမပိုင်းသစ်တောများသည် အထူးသဖြင့် (မြောက်ပိုင်းဒေသရှိထင်းရှူးတောများ၌) အနည်းဆုံး ၁ နှစ်တွင် ၁ ဟက်တာအကျယ်- ထုထည် ၁ cubic metre ခန့်သာကြီးထွားပြီး ကြီးထွားနှုန်းလည်းနှေးသည်။ ထို့ပြင် မျိုးစိတ်ပါဝင်မှုမှာ အပူပိုင်းသစ်တောများထက် ရှုပ်ထွေးမှုပိုနည်းသည်။ သို့ဖြစ်စေ ၎င်းသမပိုင်းသစ်တောများသည် သစ်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ထုတ်ယူရရှိနိုင်မှု၊ ရေဝေရေလဲဧရိယာ ထိန်းသိမ်းထားနိုင်မှု၊ အပန်းဖြေနိုင်သည့် အခွင့်အလမ်းများ၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းထားနိုင်စွမ်း စသည့်အကျိုးကျေးဇူးများကိုလည်း ထောက်ပံ့ပေးသည်။

သမပိုင်းသစ်တောနိုင်ငံများ၌ သစ်တောမြေငှားရမ်းမှုနှင့် သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းတွင် အပူပိုင်းသစ်တောများကဲ့သို့ သဘောသဘာဝအလားတူသော်လည်း ၎င်းတို့ထက်ရှုပ်ထွေးမှုပိုနည်းသည်။ ထို့ကြောင့် အပူပိုင်းနိုင်ငံများ၏အတွေ့အကြုံများကို သင်ခန်းစာအဖြစ်မှတ်ယူပြီး သစ်ထုတ်လုပ်ခြင်းနှင့် သစ်တောစီမံအုပ်ချုပ်ရာတွင် ကောင်းမွန်စွာဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ၎င်းဖွံ့ဖြိုးပြီးနိုင်ငံ၌ ဖြစ်ပေါ်သည့်အခြေအနေသည် အပူပိုင်းဖွံ့ဖြိုးဆဲနိုင်ငံများကဲ့သို့ မပြင်းထန်သော်လည်း သစ်တောစီမံအုပ်ချုပ်သည့်အဖွဲ့အစည်းများတွင် ငွေကြေးပြဿနာများ ရင်ဆိုင်နေရသည်။ သို့သော် ၎င်းပြဿနာများကို ဖြေရှင်းနိုင်ရန် ဆန်းသစ်သောနည်းစနစ်များကို လေ့လာဖော်ထုတ်ကြပါသည်။

## ရင်ဆိုင်ကြုံတွေ့ရသည့်ပြဿနာများ

အပူပိုင်းသဘာဝသစ်တောများနှင့် သမပိုင်းသဘာဝသစ်တောများ၏ သဘာဝဖြစ်စဉ်၊ အကျိုးကျေးဇူးအမျိုးမျိုး၊ ထုတ်ယူရရှိနိုင်မှုအမျိုးအစားများ၊ အကျိုးခံစားခွင့်များသည် နောက်ဆက်တွဲပြဿနာများဖြစ်သည်။ ပထမဦးဆုံးအဖြစ် အများပြည်သူပိုင်(သို့) ဦးပိုင်ခွင့်ဆိုင်ရာသစ်တောစီမံ အုပ်ချုပ်ပိုင်ခွင့်ပြဿနာ ဖြစ်သည်။

**ဆွေးနွေးရမည့်အချက်- (၁)**

**အများပြည်သူပိုင်(သို့) ဦးပိုင်ခွင့်နှင့် သစ်တောစီမံအုပ်ချုပ်ပိုင်ခွင့်ပြဿနာ**

ပြည်သူပိုင်သစ်တောမြေအဖြစ်ခွင့်ပြုပေးထားသော သစ်တောကို စည်းမျဉ်းဥပဒေများဖြင့် အစိုးရမှ ကိုင်တွယ် စီမံအုပ်ချုပ်ရာတွင် အခက်အခဲများစွာရှိသည်။ သစ်တောလုပ်ငန်းများကို ပုဂ္ဂလိကပိုင်လုပ်ကိုင်နိုင်ခြင်း၊ သစ်တောမြေပိုင်ဆိုင်ခွင့်လွှဲပြောင်းပေးခြင်းတို့နှင့်ပတ်သက်၍ ဝေဖန်အငြင်းပွားမှုများတွေ့ရသည်။ သို့သော် အပူပိုင်းသစ်တောများကို ပုဂ္ဂလိကပိုင်သစ်တောအဖြစ် လွှဲပြောင်းခွင့်ပြုပေးမှုသည် အကြောင်းရင်းနှစ်ချက်ဖြင့် ထိရောက်အောင်မြင်နိုင်ရန် မလွယ်ကူပေ။ ပထမအချက်မှာ အပူပိုင်းသစ်တောများမှ ဈေးကွက်မရှိသော သစ်တောထွက်ပစ္စည်းများထုတ်ယူရရှိနိုင်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးပြုမှုများ နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို အများထုတ်ယူသုံးစွဲနိုင်မှု စသည့်အခွင့်အရေးများစွာရှိသည်။ ၎င်းထုတ်ယူပိုင်ဆိုင်ခွင့်တို့ကို ဦးပိုင်(တစ်ဦးတစ်ယောက်ပိုင်)အဖြစ် လွှဲပြောင်းခွင့်ပြုပေးခြင်းသည် ထိရောက်သောဖြေရှင်းချက်တစ်ခု မဟုတ်ပေ။ ပုဂ္ဂလိပိုင် သစ်တောပိုင်ရှင်များသည် သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာအကျိုးပြုမှုတို့ကို ထုတ်ယူရောင်းချမရနိုင်သောကြောင့် ၎င်းတို့ကို လျစ်လျူရှုထားကြသည်။ သစ်မဟုတ်သော သစ်တောထွက်များနည်းသော၊ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု၊ ဇီဝမျိုးစုံမျိုးကွဲများနည်းပါးသော အကြီးမြန်သစ်တောစိုက်ခင်းများကိုသာ ဦးပိုင်ပြုလုပ်ပေးခြင်းသင့်တော်သည်။

ထို့ပြင် ပုဂ္ဂလိကပိုင်သစ်တောကဏ္ဍတွင် ရေရှည်သစ်တောအုပ်ချုပ်ခြင်း၌ အပူပိုင်းသစ်တောများ၏ သစ်ထုထည်ကြီးထွားမှုနှုန်းနှေးသောကြောင့် သစ်ခုတ်ယူပြီးငွေကြေးပြန်လည် ရရှိနိုင်မှုလည်း နှေးသည်။ ပုဂ္ဂလိကပိုင်သစ်တောကုမ္ပဏီများသည် သစ်ခုတ်လှဲရောင်းချပြီး ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ဝင်ငွေပို၍ရရှိလာနိုင်သည်။ ထို့ကြောင့် သဘာဝအပူပိုင်းတောများရေရှည်တည့်တံ့စေနိုင်ရန် ပုဂ္ဂလိကအဖြစ် ပိုင်ဆိုင်ခွင့်ပေးရန်လိုအပ်သည်။ သစ်ခုတ်ယူခြင်းသည် သစ်တောထိန်းသိမ်းခြင်းတွင် လိုအပ်သည့် ရန်ပုံငွေကို ထောက်ပံ့ပေးနိုင်သောကြောင့် သီးသန့် သစ်ထုတ်ယူပိုင်ခွင့် ပြတ်ပြတ်သားသားပေးနိုင်ခြင်း (သို့)အစိုးရသည် သစ်တောစီမံအုပ်ချုပ်သည့် လုပ်ငန်းတွင် တာဝန်ယူဆောင်ရွက်နိုင်သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခု(သို့) ဦးပိုင်လွှဲပြောင်းအုပ်ချုပ်နေစဉ် သစ်တောလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် လူထုထုတ်ယူသုံးစွဲနေမှုတို့ကို ထိန်းသိမ်းလုပ်ကိုင်နိုင်ရန်နည်းလမ်းများရှိသည်။ သစ်တောလုပ်ငန်းများတွင် သစ်ထုတ်ယူခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ(သို့) ဆောင်ရွက်နည်းများ သစ်တောသယံဇာတစာရင်းကောက်ခြင်း၊ သစ်လုံးတိုင်ထွာခြင်းနှင့် အဆင့်သတ်မှတ်ခြင်း၊ ထုတ်ယူမှုအခြေအနေ ကြည့်ရှုစစ်ဆေးခြင်း၊ ပျိုးဥယျာဉ်တည်ထောင်ခြင်းနှင့် အခြားသစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းများ စသည်တို့ဖြစ်ပါသည်။ ဤလုပ်ငန်းများကို နမူနာပြ စောင့်ကြည့်လေ့လာ ကြီးကြပ်ပေးရန်လိုအပ်သည်။ သစ်တောစာချုပ်ချုပ်ဆိုထားခြင်းမှရရှိသည့်ဝင်ငွေဖြင့် ထိုကြီးကြပ်စစ်ဆေးမှုကို တစ်စုံတစ်ယောက်အား လွှဲပြောင်းတာဝန်ပေးနိုင်သည်။

အပူပိုင်းသဘာဝသစ်တောများတွင် သစ်တောစီမံအုပ်ချုပ်ခြင်း လုပ်ဆောင်နိုင်ရန်နှင့် စီးပွားရေးဆိုင်ရာမက်လုံးများဖြင့် သစ်တောထိန်းသိမ်းထားနိုင်ရန် သစ်တောစီမံအုပ်ချုပ်ခွင့်နှင့် နည်းလမ်းများကို ပိုမိုအားကောင်းစေသည့် အခွင့်အလမ်းများရှိပါသည်။ တိုးတက်မှုများကို အောက်တွင် အဆိုပြုဆွေးနွေးထားသည်။

## ဆွေးနွေးရမည့်အချက်- (၂)

## သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာအဖိုးတန်အရာများ

အပူပိုင်းနှင့်သမပိုင်း ဒေသသဘာဝသစ်တောများမှ အမျိုးစုံလင်စွာ ထုတ်ယူရရှိနိုင်ပေသည်။ ဈေးကွက်ဝင်သစ်ကဲ့သို့ သစ်တောထွက်များကို ထုတ်ယူရောင်းချနိုင်ခြင်းအပြင် သစ်ထုတ်ကုမ္ပဏီများမှ ၎င်းတို့ကို ထုတ်ယူစုဆောင်းကြပါသည်။

သစ်တောအပေါ်မှီခိုသူများ/ တောအနီးနားတွင် နေထိုင်သည့် ကျေးလက်ပြည်သူများသည် သစ်တောမှ ထင်းမီးသွေး၊ ရာဘာ၊ သစ်သီးသစ်ဥ၊ အမဲလိုက်ခြင်း၊ ဆေး၊ ကျွေးနွားစာနှင့် အခြား သစ် မဟုတ်သော သစ်တောထွက်များကို မိသားစုအသုံးပြုမှုအတွက် ထုတ်ယူစုဆောင်းရောင်းချလေ့ရှိကြသည်။ ထို့ကြောင့် သစ်မဟုတ်သော သစ်တောထွက်များ၏တန်ဖိုးဝင်မှုကို အကဲဖြတ်ခန့်မှန်းရန်ခက်ခဲလှသည်။ အပန်းဖြေအနားယူနိုင်ခြင်း၊ အမဲလိုက်ခြင်းနှင့် နိုင်ငံခြားသားများ လာရောက်လေ့လာနိုင်ခြင်းစသည့် တစ်ဦးချင်းစီအပေါ်အကျိုးပြုမှုတို့ကို လွယ်ကူစွာ အကဲဖြတ်မရောင်းချနိုင်ခြင်းအပြင် ၎င်းတို့အား တန်ဖိုးဖြတ်နိုင်ရန်ပိုခက်ခဲသည်။ ထိုသစ်တောထွက်များသည် ဒေသခံကျေးလက်ပြည်သူများအတွက် အခြားအကျိုးရလဒ်များထောက်ပံ့ပေးခြင်းအပြင် ဒေသဆိုင်ရာ အကျိုးသက်ရောက်မှုများမှ နိုင်ငံတကာအတိုင်းတာထိ သက်ရောက်မှုရှိနိုင်သည်။ ရေထောက်ပံ့ပေးနိုင်သည့် ရေဝေရေလဲဧရိယာများ၊ မြေဆီလွှာတိုက်စားမှု၊ ရေလွှမ်းမှုနှင့် ရေအရည်အသွေးထိန်းပေးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကျိုးသက်ရောက်မှုများနှင့် ကာဗွန်စုပ်ယူသိုလှောင်နိုင်စွမ်း စသည့်အကျိုးကျေးဇူးများရရှိသည်။

သစ်မဟုတ်သောသစ်တောထွက်တန်ဖိုးသည် တောအမျိုးအစားနှင့် ပေါက်ရောက်ရာနေရာဒေသအလိုက် ကွာခြားပါသည်။ သစ်လုံးတန်ဖိုးနှင့်မတူညီသည်မှာ ၎င်းတို့ကို အဆက်မပြတ် နှစ်စဉ်ထုတ်ယူစုဆောင်းရောင်းချနိုင်သည်။ ထို့ကြောင့် စဉ်ဆက်မပြတ် ၁၀ နှစ်တိုင် ထုတ်ယူစုဆောင်းသော တန်ဖိုးသည် သစ်ထုတ်ယူသောတန်ဖိုးနှင့် တန်းတူ သို့မဟုတ် သာလွန်သွားနိုင်သည်။ သစ်တောတန်ဖိုးကိုမြင့်စေသော သစ်မဟုတ်သောသစ်တောထွက်များသည် ထုတ်ယူနိုင်မှုအားလုံးအတွက် စီမံအုပ်ချုပ်ခြင်းလုပ်ငန်း၌ ရှုပ်ထွေးမှုကို တွေ့ကြုံရသည်။

အပူပိုင်းနှင့် သမပိုင်းနိုင်ငံများတွင် သစ်တောမှထုတ်ယူသုံးစွဲခွင့်ဆိုင်ရာ သဘောတူသတ်မှတ်ချက်များသည် သစ်ထုတ်ယူရောင်းချနိုင်ခြင်း၌ အခြေခံ၍ လည်ပတ်ဆောင်ရွက်နေကြသည်။ ဤသဘောတူခွင့်ပြုမှုတွင် သစ်မဟုတ်သောသစ်တောထွက်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုတို့ကို ထိန်းသိမ်းဆောင်ရွက်ပေးနိုင်ရန် အားပေးဆွဲဆောင်ထားမှုမပါဝင်သော

ကြောင့် ထိုခွင့်ပြုလိုက်လျှော့မှုကို ပြင်ဆင်ရေးဆွဲကြရန်လိုအပ်သည်။ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းဆိုင်ရာ လိုအပ်ချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ မက်လုံးများ၊ ပြစ်ဒဏ်များ၊ လမ်းညွှန်ချက်များ၊ စစ်ဆေးကြီးကြပ်မှုနည်းလမ်းများ၊ ခွင့်ပြုလိုက်လျှော့မှုများ စသည်တို့နှင့် ပတ်သက်၍ အကြံပြုချက်များကို အခန်း(၄)တွင် တင်ပြဆွေးနွေးမည်ဖြစ်သည်။

## ဆွေးနွေးရမည့်အချက်- (၃)

## ဒေသခံကျေးလက်ပြည်သူပိုင်သစ်တောများအသုံးပြုမှုနှင့် အကျိုးကျေးဇူးများ

သစ်တောအပေါ်၌မှီခိုနေသူများသည် ထင်းမီးသွေး၊ အစာရရှိမှု၊ ဆေးဖက်ဝင်အပင်များ၊ ဝါးနှင့်ကြိမ်များကဲ့သို့ သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးပြုမှုများကို အဓိကထုတ်ယူသုံးစွဲနေသူများ ဖြစ်ကြသည်။ ၎င်းတို့၏အကျိုးပြုမှု၊ ထွက်ရှိမှုတို့အလိုက် ဒေသခံကျေးလက်ပြည်သူများအပေါ်တိုက်ရိုက် အကျိုးသက်ရောက်မှုရှိပါသည်။ သစ်တောမှ ထုတ်ယူသုံးစွဲခွင့်ဆိုင်ရာသဘောတူညီချက်များသည် သစ်ထုတ်ခြင်း၌အဓိကဦးစားပေးရေးဆွဲခဲ့ကြသဖြင့် ကျေးလက်နေပြည်သူတို့၏ မှီခိုသုံးစွဲနေမှုတို့ကို လျစ်လျူရှုထားခဲ့ကြသည်။ ကျေးလက်နေပြည်သူအကျိုးရှိစေရန် သစ်တောများစီမံအုပ်ချုပ်ရာတွင် အားပေးဆွဲဆောင်မှုအနည်းငယ်ကိုပါ ဖော်ပြထားသည်။ သစ်တောမှ ထုတ်ယူသုံးစွဲခွင့်တွင် ပြည်သူများအကျိုးရှိစေရန်၊ အသုံးပြုရာတွင် လိုက်နာရမည့် နည်းဥပဒေများ၊ သစ်တောထိန်းသိမ်းရေးဆိုင်ရာလိုအပ်ချက်များ၊ အကြံပြုချက်များစသည့်အချက်များဖြင့် ပြန်လည်ပြင်ဆင်မည်ဖြစ်သည်။ ထို့ကြောင့် သစ်၊ သစ်မဟုတ်သော သစ်တောထွက်များထုတ်ယူသုံးစွဲခြင်းနှင့် နိုင်ငံခြားငွေ့သည်များလာရောက်လေ့လာခြင်းကဲ့သို့ အကျိုးကျေးဇူးများစွာကို သစ်တောမှီခိုနေသူများအတွက် ခွင့်ပြုပေးထားပါသည်။

## ဆွေးနွေးရမည့်အချက်- (၄)

## သစ်တော/သစ်တောမြေအား အသုံးချပိုင်ခွင့်ကာလ ဆုံးဖြတ်ခြင်း

အပူပိုင်းနိုင်ငံအများစု၏ ပြည်သူများသည် ရေရှည်တည့်တံ့စေနိုင်မည့်သစ်တောစီမံအုပ်ချုပ်ခြင်း လုပ်ငန်းအား စိတ်ဝင်စားမှုမရှိသဖြင့် ၎င်းတို့အား သစ်တော/သစ်တောမြေငှားရမ်းပေးမှုကို ကာလတိုအဖြစ် အသုံးချခွင့်ပေးသည်။ (FORM Ecological Consultants and Delvingt 2000)

ရေရှည်ထုတ်ယူပိုင်ခွင့်ငှားရမ်းပေးခြင်းသည် သစ်တောများကို ထာဝစဉ်တည့်တံ့စေနိုင်ပြီး လိုအပ်သော အဆင့်မီထုတ်ကုန်များရရှိစေသည်ဟု ၎င်းအကြောင်းအရာနှင့် ပတ်သက်၍ ငြင်းခုံကြသည်။ဈေးကွက်မရှိသောသစ်တောထွက်များထုတ်ပေးပြီး ကြီးထွားမှုနှုန်းလည်းနှေးသည့် အပူပိုင်းသစ်တောများမှ ရေရှည်ထုတ်ယူပိုင်ခွင့် အငှားချပေးခြင်းသည် ကောင်းမွန်သောဖြေရှင်းမှုတစ်ခု မဟုတ်ပေ။ အပူပိုင်းသစ်တောများကို ပုဂ္ဂလိကပိုင်ပြုလုပ်ပေးခြင်း/ ရေရှည်အငှားချပေးမှု

အခြေအနေတွင် ကြီးထွားနှုန်းနှေးသောကြောင့် စောင့်ဆိုင်းမနေဘဲ ၎င်းတောများကို ထိန်းသိမ်းစီမံအုပ်ချုပ်နေခြင်းထက် ခုတ်လှဲရောင်းစားနိုင်သည်။

သစ်ထုထည်နှင့် တန်ဖိုးအရ အပူပိုင်းသဘာဝသစ်တောများ၏ အကြီးနှေးခြင်းသည် ရင်းနှီးမြှုပ်နှံထားသောငွေကြေး ပြန်လည်ရရှိနိုင်မည့်အချိန်ကြာမြင့်ပြီး ငွေပမာဏနည်းသည့်အတွက် ကာလကြာငှားရမ်းပေးထားသော်လည်း တောပြုစုထိန်းသိမ်းခြင်းကိုစိတ်ဝင်စားမှုမရှိပေ။ လက်တွေ့ပိုင်းတွင် ကြီးထွားနှုန်းနှေးသောအပူပိုင်းတောများကို ကာလတိုငှားရမ်းပေးခြင်းသည် တောစီမံအုပ်ချုပ်ရာ၌ ပို၍ရလဒ်ကောင်းများရနိုင်သည်။ ထို့ကြောင့် ၎င်းသမပိုင်းသစ်တော/အပူပိုင်းတောများကို ၁၅ နှစ်မှ ၂၀ အထိ စာချုပ်တွင် ခွင့်ပြုလိုက်လျှောပေးထားကာ ၅ နှစ်မှ ၁၀ နှစ်အထိ သက်တမ်းအသစ်တိုးနိုင်ပြီး လုပ်ငန်းဆောင်ရွက်ချက်နှင့် ထုတ်ယူအသုံးချမှုအခြေအနေတို့ကိုလည်း အကဲဖြတ်စစ်ဆေးနိုင်သည်။ အစိုးရမဟုတ်သောအဖွဲ့တစ်ခုသည် သစ်ရောင်းချပြီးစုဆောင်းထားသော ငွေကြေးရန်ပုံငွေအထောက်အပံ့ဖြင့် ၎င်းတာဝန်ကို ဆောင်ရွက်ပေးနိုင်သည်။

ရေရှည်ခွင့်ပြုပေးခြင်းသည် နောက်ဆိုးကျိုးတစ်ခုလည်း တွေ့ရှိရသည်။ ကာလရှည် ငှားရမ်းထားချိန်တွင် သစ်တောစီမံခန့်ခွဲမှုမှားယွင်းနေလျှင် အခြားထုတ်ယူနိုင်သောသစ်တောအား အစားထိုးပေးခြင်းမရှိဘဲ ခွင့်ပြုလိုက်လျှောမှုကို လွယ်ကူစွာဖျက်သိမ်းရန် မဖြစ်နိုင်ပေ။ သက်တမ်းအသစ်တိုးပေးခြင်း/ ရေတိုအငှားပေးခြင်းတွင် အထက်ပါဖြစ်ရပ်မျိုးနှင့် ကြုံတွေ့ရလျှင် ချက်ချင်းဖျက်သိမ်းပြီးသက်တမ်းအသစ်တစ်ခု/ ခွင့်ပြုမှုစာချုပ်အသစ်တစ်ခုကို လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်သည်။ သို့သော်လည်း ကာလရှည်ခွင့်ပြုပေးမှုကို အသုံးချနေမှုအခြေအနေပေါ်မူတည်၍ အခြေခံခွင့်ပြုပေးထားလျှင် ထာဝစဉ်တည့်တံ့စေသည့်သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုအဆင့် ရရှိစေနိုင်ပြီး မှန်ကန်သင့်တော်စွာ ကြီးကြပ်စစ်ဆေးစောင့်ကြည့်နိုင်သည်။

## ဆွေးနွေးရမည့်အချက်- (၅)

## ထုတ်ယူသုံးစွဲခွင့်ပြုသည့် အကျယ်အဝန်း/ ပမာဏ

ထုတ်ယူအသုံးချခြင်းဆိုင်ရာ လိုက်လျှောမှု အကျယ်အဝန်းသည် နေရာဒေသ(သို့) နိုင်ငံအလိုက် ဟက်တာဖြင့် ရာဂဏန်းမှ သိန်းပေါင်းများစွာအထိ အမျိုးမျိုးကွာခြားနိုင်သည်။ အချို့နိုင်ငံများတွင် သစ်တောပြုစုပျိုးထောင်ခြင်း၊ သစ်ထုတ်ယူခြင်းနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုသည့်ပမာဏ နည်းလေသည်။ တစ်ခါတစ်ရံ ခွင့်ပြုရမည့်ပမာဏသည် လိုအပ်သည်ထက်ပို၍ ကျယ်ဝန်းတတ်ပါသည်။(ခွင့်ပြုလိုက်လျှောသည့်ပမာဏနှင့် ပိုင်ရှင်အမျိုးမျိုးတို့ကို လေးထောင့်ကွက် -၃ တွင်ဖတ်ရှုနိုင်သည်)

နှစ်စဉ်သစ်ထုတ်လုပ်ရေးထက် အနာဂတ်အခြေအနေမှန်းဆတွက်ချက်၍ သစ်တောဧရိယာမြောက်များစွာကို ရယူကြသည်။ သစ်တောဧရိယာများစွာကို ခွင့်ပြုပေးခြင်းကိစ္စသည် သစ်တောကိုကောင်းစွာစီမံအုပ်ချုပ်ခြင်းနှင့် ထိခိုက်မှုနည်းသောသစ်ထုတ်လုပ်ခြင်း၌ အာရုံစူးစိုက်မှုမရှိဘဲ သစ်အလွန်အကျွံထုတ်ယူမှုကိုဖြစ်ပေါ်စေသည်။ ၎င်းအလွန်အကျွံသစ်ထုတ်ယူရာတွင် အဆင့်မြင့်

သစ်/ အကောင်းဆုံးသစ်အားရွေးချယ်ထုတ်ယူခြင်းနှင့် သစ်အလေအလွင့်များပြားစေခြင်းတို့ကို ပို၍ကြုံတွေ့ရသည်။ ထို့နောက် ၎င်းသစ်ထုတ်ယူမှုဆိုင်ရာခွင့်ပြုချက်သည် စိုက်ပျိုးမြေများ ချဲ့ထွင်လာခြင်း၊ ရွှေ့ပြောင်းတောင်ယာများလုပ်ကိုင်ခြင်းကဲ့သို့ ကျူးကျော်ဝင်ရောက်လာခြင်းကို ထိန်းချုပ်ရန်ခက်ခဲသောကြောင့် အထူးသဖြင့် သစ်တောပြုန်းတီးပျက်စီးခြင်းအခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နိုင်သည်။ ထည့်သွင်းစဉ်းစားမထား၍ ခွင့်ပြုဧရိယာပမာဏအလိုက် ကောက်ခံသည့်အခွန်နည်းပါးခြင်း(သို့) သစ်တောအခွန်နည်းပါးခြင်းတို့ကြောင့် ကုမ္ပဏီ၏လိုအပ်ချက်ထက် ကျော်လွန်၍ ထုတ်ယူရနိုင်မည့်ဧရိယာအများအပြားကို ရယူလိုကြသည်။ ဧရိယာအများအပြားရယူထားခြင်းနှင့် ပိုင်ဆိုင်ထားခြင်းအတွက် ၎င်းဧရိယာအလိုက်နှစ်စဉ်ကြေး(သို့) ပေးဆောင်ရသည့်သစ်တောအခွန်နည်းပါးခြင်းတို့ကြောင့် ကုမ္ပဏီအများစုသည် ပိုင်ဆိုင်ထားသည့်ဧရိယာအမြောက်အများကို မစွန့်လွှတ်ချင်ပါ။ ဧရိယာပမာဏအလိုက် သိသာသောနှစ်စဉ်ကြေးတိုးမြှင့်ကောက်ခံလိုက်ခြင်းသည် တခြားကုမ္ပဏီများအား သစ်တောပိုင်ဆိုင်ခွင့်ကို ခွဲဝေပေးချင်လာသည်။ နှစ်စဉ်ခုတ်လှဲခွင့်ပမာဏ၏ ၇၀/ ၈၀ ရာခိုင်နှုန်းပမာဏရှိသော ဧရိယာအနည်းငယ်ကိုသာ ခုတ်ယူဆောင်ရွက်ပြီး သစ်လုံးအရွယ်အစားဖြင့်လည်း ထုတ်ယူလျော့ချနိုင်သည်။

## ဆွေးနွေးရမည့်အချက်- (၆)

## သစ်တောပိုင်ဆိုင်ခွင့်ဆိုင်ရာအခွန်နှင့် ရန်ပုံငွေပြန်လည်ရရှိမှုအခြေအနေ

သစ်တောမှထုတ်ယူသုံးစွဲခွင့်၊ သစ်ထုတ်ခွင့်စသည့်တို့နှင့်ပတ်သက်၍ သစ်တောအခွန်များ၊ ရန်ပုံငွေရရှိမှုဆိုင်ရာနည်းစနစ်တို့သည် သစ်တောစီမံအုပ်ချုပ်ခြင်းနှင့် သစ်ထုတ်ယူခြင်းတွင် ထိရောက်ပြီးအကျိုးရှိနိုင်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ထုတ်ယူသုံးစွဲခွင့်ဆိုင်ရာအခွန်များကို အနည်းငယ်သာ ကောက်ခံကြသည်။(Grut, Gray, and Egli 1991; Repetto and Gillis 1988)နိုင်ငံအနည်းစုသည် ထာဝစဉ်တည်တံ့စေသည့်သစ်တောစီမံအုပ်ချုပ်မှုနှင့် ထိရောက်သောအသုံးချမှုဖြစ်စေရန် သစ်တောများကို စီးပွားရေးဈေးကွက်တွင် သင့်တော်စွာ တန်ဖိုးဖြတ်သည်။ သစ်တောတန်ဖိုးဖြတ်ခြင်းနှင့် သစ်တောအခွန်ကောက်ခံခြင်းဆိုင်ရာနည်းလမ်းများကို အပိုင်း(၂)၊ အခန်း(၅ မှ ၈)တွင် အသေးစိတ်ဆွေးနွေးထားပါသည်။

သစ်တောအခွန်အခများသည် သစ်ထုတ်လုပ်ရေးဆိုင်ရာ အခွန်များဖြစ်သည့်အတွက် သစ်ထုတ်ယူစုဆောင်းရေးဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစေသည်။ ၎င်းတို့တွင် (၁) ကနဦးသစ်ထုတ်ခွင့်လျှောက်ထားသည့်လိုင်စင်အခွန် (၂)သစ်ထုတ်ယူမည့်ဧရိယာ၊ သစ်လုံးထုထည်(သို့) နှစ်စဉ်ခွင့်ပြုတောထွက်ပေါ်မှုတည်သည့် နှစ်စဉ်ပေးသွင်းရမည့်အခွန်၊ (၃)အခွန်အခများအား ပို၍ပေးဆောင်နိုင်သည့်ကုမ္ပဏီများအား ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း/ ဈေးပြိုင်ပေးခြင်းဆိုင်ရာနည်းလမ်းတို့ကို အသုံးပြု၍ ပိုမိုအကျိုးရှိစေမည့်နည်းလမ်းများအား ရွေးချယ်ဆောင်ရွက်သွားပါသည်။

သင့်တင့်သော အခွန်နှုန်းထားသတ်မှတ်ချက်သည် သစ်တောမူဝါဒဆိုင်ရာ ရည်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်သည်။ ပထမဆုံးအနေဖြင့် သစ်ထုတ်ယူခွင့်အခွန်သည် ခုတ်လှဲပြီးကျန်

သစ်ငုတ်၏လုံးပတ်တိုင်းတာခြင်း၌ အခြေခံကောက်ယူခြင်းထက် ခုတ်လှဲပြီးသစ် လုံးပတ်ထုထည်များအား တိုင်းတာကောက်ယူခြင်းသည်ပို၍လွယ်ကူသည်။ သစ်တောဦးစီးဌာနသည် သစ်ငုတ်၏ လုံးပတ်အလိုက် ရရှိသည့်အခွန်နှင့်အတူ ခုတ်လှဲလုံးပတ်ကိုလည်း မှန်ကန်တိကျစွာတိုင်းတာ ဆောင်ရွက်နိုင်သည်။ သစ်တောဦးစီးဌာနသည် ထုတ်ယူခွင့်ပေးသည့်ဧရိယာနှင့် သစ်ထုတ်မည့် ပမာဏအလိုက် နှစ်စဉ်ကြေးသတ်မှတ်ကာ ကောက်ခံခြင်းသည်ပို၍လွယ်ကူပြီး အလွဲသုံးစားဖြစ်နိုင်မှုကိုလည်း လျော့ချပေးနိုင်သည်။

ဒုတိယအချက်မှာ သစ်တောမှထုတ်ယူပိုင်ခွင့်ကို အခွန်အခသွင်း၍ ရယူထားခြင်းသည် ယုံကြည်စိတ်ချရသောပိုင်ဆိုင်မှုဖြစ်သည်။ ၎င်းပိုင်ဆိုင်မှုသည် လက်ရှိသစ်ထုတ်ခွင့်ရသူများအတွက် အာမခံချက်ပေးနိုင်သည်။ ထိုအခွန်များသည် သစ်ထုတ်ပိုင်ခွင့်ရရှိနိုင်ရန် မမှန်ကန်မှုများ၊ လာဘ်ပေး လာဘ်ယူမှုများလည်းဖြစ်ပေါ်နိုင်သည်။ ထို့နောက် တတိယမြောက်အချက်မှာ အခွန်ပေးဆောင်နေမှု စနစ်သည် နည်းစနစ်မှန်စွာသစ်ထုတ်ခြင်းနှင့် ထုတ်လုပ်သည့်တောအား ထိခိုက်နိုင်မှုအနည်းဆုံး ဖြစ်စေနိုင်သည်။ အခွန်ကောက်ခံမှုနည်းပါးလျှင် သို့ အခွန်မရှိလျှင် သစ်တောစီမံအုပ်ချုပ်မှုကို စိတ်ဝင်စားမှုမရှိသောကြောင့် သစ်တောအခွန်ကောက်ခြင်းသည် မှန်းဆထားသောအခြေအနေထက် ပျက်စီးမှုနည်းနိုင်သည်။ အခွန်ကောက်မှုနည်းသောပြဿနာသည် ငွေကြေးသက်သာစွာဖြင့် သစ်ထုတ်ဧရိယာပမာဏအများအပြားကို ရယူပိုင်ဆိုင်လိုကြကာ သစ်ပင်၏အကောင်းဆုံးသော အစိတ်အပိုင်းနှင့် အဆင့်မီသစ်လုံးများကိုသာ ထုတ်ယူကြပြီး ကျန်အစိတ်အပိုင်းများကို သစ်တော၌ ချန်ရစ်ထားခဲ့ကြသည်။

## ဆွေးနွေးရမည့်အချက်- (၇)

## သစ်ထုတ်ခွင့် ခွဲဝေပေးရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ဈေးပြိုင်ခေါ်ယူခြင်း

လာဘ်စားခြင်း၊ တံစိုးလက်ဆောင်ပေးခြင်းနှင့် မသာမာသောနည်းလမ်းများအား ဖြစ်ပေါ်စေသည့် သစ်ထုတ်ခွင့်ကို များသောအားဖြင့် စီမံခန့်ခွဲရေးရှုထောင့်အရ ခွဲဝေပေးကြသည်။ တစ်ခါတစ်ရံ သစ်ထုတ်ယူအသုံးချမှုဆိုင်ရာ ဗဟုသုတနည်းသောလူများကို သစ်ထုတ်ယူခွင့်ပေးလိုက်သောအခါ အခြားသူအား ၎င်းအခွင့်အရေးကို ရောင်းစားကြသည်။ သစ်တော၏နှစ်စဉ်တောထွက်များသည် လာဘ်ပေးလာဘ်ယူရှိခြင်း၊ မသမာသောငွေကြေးများယူခြင်း စသည့်အားနည်းချက်များစွာဖြင့် သစ်တောပိုင်ရှင် အစိုးရထံ အကျိုးခံစားခွင့်မရောက်ရှိဘဲ ကွယ်ပျောက်သွားစေနိုင်သည်။ သစ်ထုတ်ယူခွင့်ကို အပြိုင်အဆိုင်ဝယ်ယူကြခြင်းဖြင့် ဈေးပိုပေးသောသူအား ခွင့်ပြုချက်ချထားပေးနိုင်သည်။ သစ်ထုတ်ခွင့်ကို ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုခြင်းသည် ၎င်းသစ်တောမှ သစ်ထုတ်လုပ်ငန်းများအား ကြီးကြပ်ရမည့်နည်းလမ်းများကိုလည်း သိရှိသွားစေသည်။(Gray 1983; Gray and Hadi 1989)

သစ်ထုတ်ခွင့်ကို ချိတ်ပိတ်တင်ဒါခေါ်ယူခြင်းဖြင့်လျှောက်ထားမှုသည် ပွင့်လင်းစွာဈေးပြိုင်ပေးခြင်းထက် ဝယ်ယူလိုသူများကြားတွင် မကျေနပ်မှုနည်းစေသည့်အပြင် ပိုမြင့်သော ဈေးနှုန်း

ကိုလည်းရရှိသည်။ (Brannman 1996; Crampes and Estache 1997) အမြင့်ဆုံးဈေးပေးသောပုဂ္ဂိုလ်အား သစ်ထုတ်ခွင့်သတ်မှတ်ပေး၍ လက်ခံသောအမြင့်ဆုံးဈေးနှုန်းကို ပွင့်ပွင့်လင်းလင်းကြေငြာပြီး ပြန်လည်မှတ်ချက်ပေးသင့်သည်။

ချိတ်ပိတ်တင်ဒါခေါ်ယူခြင်းနှင့် ဈေးပြိုင်ပေးခြင်းဖြင့် ခွဲဝေသတ်မှတ်ပေးခြင်းသည် အကျိုးကျေးဇူးများစွာကို ရရှိစေသည်။ ယှဉ်ပြိုင်လျှောက်ထားသူများအနက် သင့်တော်သူကို ရွေးချယ်ရာတွင် ခက်ခဲသောစီမံအုပ်ချုပ်မှုဆိုင်ရာဆုံးဖြတ်ချက်များကိုလည်း ရှောင်ကြဉ်နိုင်သည်။ တင်ဒါခေါ်ယူခြင်းဖြင့် ရွေးချယ်မှုသည် ပုဂ္ဂလိကပိုင်ရှင်များ၊ အစိုးရနှင့် ဒေသခံပြည်သူအားလုံးအတွက် အပိုဝင်ငွေရရှိစေသည်။

ထို့ပြင် အခြားကျေးဇူးများလည်းရှိပါသည်။ သစ်တောအခွန်ကြေးကို သစ်ထုတ်မည့်ဇကေအလိုက် မှန်ကန်သောနှုန်းထားဖြင့်ကောက်ခံခြင်းရှိမရှိ စစ်ဆေးနိုင်ရန် လေလံ၍ပေးသောတန်ဖိုးသည် ဈေးကွက်အခြေခံထားသည့်အညွှန်းကိန်းတစ်ခုကို ဖြစ်စေသည်။ ကောက်ခံသည့်အခွန်ကြေးနည်းလျှင် သစ်ထုတ်ယူခြင်းလုပ်ငန်းတွင် အကျိုးအမြတ်တက်လာခြင်း၊ ပိုင်ဆိုင်ခွင့်လျှောက်ထားမှုတက်လာခြင်းအပြင် အပိုကြေးဖြစ်သည့်အာမခံကြေးသည် ပိုင်ဆိုင်ခွင့်အသစ်အတွက် လေလံတင်သွင်းဈေးနှုန်းကိုတိုးမြင့်လာစေသည်။ ၎င်းအခွန်များသည် ထုတ်ယူခွင့်ပြုသည့်ဧရိယာအတွင်းရှိ ပင်ထောင်များအခြေအနေပေါ်မူတည်၍ ဈေးပြိုင်တင်သွင်းသည့် ဈေးအတက်အကျရှိနိုင်သည်။ သစ်အခွန်များကောက်ခံခြင်းဆိုင်ရာ နည်းစနစ်နှင့် တန်ဖိုးဖြတ်ခြင်းဆိုင်ရာမူဝါဒ၌ အခြေခံသော ဈေးပြိုင်တင်သွင်းခြင်းလုပ်ငန်းအကြောင်းကို အပိုင်း(၂)တွင် အသေးစိတ် ဆက်လက်ဖော်ပြထားသည်။

သစ်ထုတ်ပိုင်ခွင့်ဆိုင်ရာ လေလံတင်သွင်းခြင်းနည်းစနစ်အား တင်းကျပ်သောထိန်းချုပ်မှုအောက်တွင်ကျင်းပကာ နည်းပညာပိုင်းဆိုင်ရာယှဉ်ပြိုင်မှုနှင့် အခြားအချက်များကို ထည့်သွင်းစဉ်းစားပြီးနောက် ဈေးပြိုင်တင်သွင်းကြသူများအနက်မှ အမြင့်ဆုံးဈေးနှုန်းပိုင်ရှင်အား သစ်ထုတ်ခွင့် ခွဲဝေပေးသည်။ နိုင်တကာအဆင့်မီ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုမှ အကဲဖြတ်ဒိုင်အဖြစ်ကြီးမှူးကာ လေလံဆွဲခြင်းစနစ်ကို စီစစ်ကြီးကြပ်ပေးသင့်သည်။ ဈေးပြိုင်ပေးခြင်းနည်းစနစ်သည် နိုင်ငံ၏စီးပွားရေးရှုထောင့်အရ ငွေကြေးဖြည့်ဆည်းပေးနိုင်သည်။ ဥပမာ- ကုမ္ပဏီကြီးများကို ဟက်တာအများအပြားခွဲဝေပေးခြင်းကို တားဆီးနိုင်သည့်အပြင် ကုမ္ပဏီငယ်များကိုလည်း ဧရိယာအနည်းငယ်ခွဲပေးနိုင်သည်။ သစ်ထုတ်ကုမ္ပဏီအမျိုးမျိုးကို ဖွံ့ဖြိုးတိုးတက်စေရန် ခွင့်ပြုချက်မရသော ကုမ္ပဏီငယ်များအား အမြင့်ဆုံးဈေးနှုန်း ယှဉ်ပြိုင်ပေးနိုင်သည့်အခွင့်အရေး ပေးသင့်သည်။ စီမံအုပ်ချုပ်မှုစနစ်မှားယွင်းနေသည့် ကုမ္ပဏီကို သစ်ထုတ်ခွင့်ပြန်သိမ်းခြင်း၊ သက်တမ်းကုန်ဆုံးနေသည့်(သို့) သစ်ထုတ်ခွင့်အသစ်ပြန်လည်မလျှောက်ရသေးသည့်ကုမ္ပဏီများအား သစ်ထုတ်ခွင့်ပြန်လည်ခွဲပေးခြင်းအတွက် ဈေးပြိုင်တင်သွင်းခြင်းနည်းစနစ်ကို ပြန်လည်ကျင့်သုံးနိုင်သည်။

### ဆွေးနွေးမည့်အချက်- (၈)

### သစ်ထုတ်ခွင့် စီမံအုပ်ချုပ်မှုကောင်းမွန်စေရန် မက်လုံးပေးမှု

နိုင်ငံအများစုတွင် သစ်တောထိန်းသိမ်းအုပ်ချုပ်ခြင်းလုပ်ငန်းအား စိတ်ဝင်စားမှုဖြစ်စေရန် လုံလောက်သောဆွဲဆောင်မှုများနှင့် တိုင်းတာသိရှိနိုင်သောလုပ်ငန်းလိုအပ်ချက်များ ဖော်ပြမထားပါ။ သစ်ထုတ်ယူခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုလုပ်ငန်းများနှင့် လုပ်ငန်းမြန်ဆန်လည်ပတ်နိုင်ရန် မက်လုံးပေးခြင်းနည်းစနစ်ကို ကျင့်သုံးနိုင်သည်။ ဤစနစ်တွင် အကျိုးအမြတ်ရှိသော ဆွဲဆောင်မှုများ ဥပမာ–လုပ်ငန်းဆောင်ရွက်မှုပေါ်မူတည်၍ ငွေပေးချေမှုစနစ်/ အခွန်သက်သာခွင့်အပြင် ဆိုးကျိုးများမှာ အုပ်ချုပ်မှုနည်းမမှန်ကန်လျှင် စရန်ငွေဆုံးရှုံးခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ချက်များ ပါဝင်သည်။

လုပ်ငန်းဆောင်ရွက်ချက်အလိုက် လုပ်ငန်းလည်ပတ်ခွင့်လိုင်စင်အဖြစ် ပြောင်းလဲထားသော ကြားဖြတ်လိုင်စင်ဖြင့် သစ်ထုတ်ခွင့်ပေးခြင်းသည် အခြားမက်လုံးတစ်ခုကိုလည်းပေးသည်။ သစ်ထုတ်လုပ်ခြင်းအခြေအနေပေါ်မူတည်၍ အာမခံထားသောလုပ်ငန်းစရန်ငွေနှင့် ပြန်အမ်းငွေတို့ကို သစ်ထုတ်လုပ်ရာတွင် ပြန်လည်သုံးစွဲနိုင်သည်။ သစ်ထုတ်ရေးစာချုပ်တွင် ထိခိုက်မှုအနည်းဆုံးနှင့် နည်းစနစ်မှန်ကန်စွာ သစ်ထုတ်ရေးသဘောတူညီချက်အရ လိုအပ်ချက်များနှင့် ခွင့်ပြုသက်တမ်းတို့အား လေးစားလိုက်နာစေရန် ဆွဲဆောင်မက်လုံးပေးထားသည်။(Boscolo and Vincent 2000) ထုတ်ယူခွင့်ပြုခြင်းနှင့် သဘောတူညီမှုစာချုပ်တို့တွင် အဆင့်အမျိုးအမျိုးအလိုက် အာမခံငွေ ထားနိုင်သည်။ သို့သော် စီမံအုပ်ချုပ်မှုကောင်းမွန်စေရန် incentive များအဖြစ် အာမခံငွေနှင့် စရန်ပေးထားခြင်းသည် ၎င်းငွေအားပြန်လည်ပေးအပ်သည့်ယုံကြည်မှုရှိရန် လိုအပ်သည်။ အထက်တွင် ဖော်ပြခဲ့ပြီးသော ၅ နှစ် မှ ၁၀ နှစ်ကြားကာလအချိန်၌ ခွင့်ပြုချက်အသစ်လျှောက်ထားရာတွင် ကန့်သတ်ချက်များကို လေးစားလိုက်နာနိုင်ရန် incentive များလည်း ယှဉ်တွဲဖော်ပြထားသည်။ (Boscolo and Vincent 2000)

သစ်တောအခွန်အမျိုးမျိုးနှင့် နည်းလမ်းများတွင် ထုတ်ယူခွင့်ပြုသည့် သစ်မျိုးများနှင့် ရင်စို့လုံးပတ်အတိုင်းလိုက်နာမှု၊ ထိခိုက်မှုအနည်းဆုံးထုတ်ယူမှု၊ သစ်ထုတ်လုပ်ရေးနည်းစနစ်များနှင့် ထုတ်ယူနေမှုအခြေအနေအရ အရေးကြီးသော incentive များရှိနိုင်သည်။(Gray 1983; Grut, Gray, and Egli 1991; Boscolo and Vincent 2000; Karsenty 2000) သစ်တောအခွန်ကြေးနှင့် တန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာပြဿနာများကို အောက်တွင်ဆွေးနွေးမည်ဖြစ်ပြီး နောက်ဆက်တွဲတွင် အကျဉ်းချုပ်ဆက်လက်ဖော်ပြပါမည်။

ကြိုတင်စရန်ငွေပေးခြင်းသည် သစ်ထုတ်ခွင့်ရရှိရန် သစ်တောအခွန်ကြေးပုံမှန် ပေးဆောင်ခြင်း ဖြစ်သည်။ အခြား incentive များကို အခန်း(၄) ၏ထုတ်ယူသုံးစွဲခွင့်လျှောက်ထားချက်တွင် မိတ်ဆက်ဖော်ပြထားသည်။

**ဆွေးနွေးမည့်အချက်- (၉)**

**သစ်တောအုပ်ချုပ်မှုအား စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ကြီးကြပ်အကဲဖြတ်ခြင်း**

နိုင်ငံအများစုတွင် ခွင့်ပြုထားသည့်ဧရိယာတွင် သစ်ထုတ်နေမှုအခြေအနေအား စောင့်ကြည့်လေ့လာခြင်းနှင့် အနီးကပ်ကြီးကြပ်နိုင်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ အားနည်းသည်။(Gray 1983; Grut, Gray, and Egli 1991; Gautam and others 2000; Essama-Nassah and Gockowdki 2000; Seymour and others 2000)

သစ်တောဌာနနှင့် ဝန်ကြီးဌာနများသည် ခွင့်ပြုဧရိယာတွင် သစ်တောစီမံအုပ်ချုပ်မှုနှင့် သစ်ထုတ်လုပ်သည့်လုပ်ငန်းများကို လက်တွေ့ကြီးကြပ်စစ်ဆေးခြင်းနှင့် ထိန်းချုပ်ညွှန်ကြားနိုင်ရန် ဝန်ထမ်းအင်အား၊ ပစ္စည်းကိရိယာများနှင့် ငွေကြေးရန်ပုံငွေတို့ လုံလောက်မှုနည်းသည်။(Gray 1983; Grut, Gray, and Egli 1991;Hardner and Rice 1999)

သစ်တောအဖွဲ့အစည်းများတွင် ဝန်ထမ်းများ ကွင်းထဲသို့စစ်ဆေးသွားလာရန် လောင်စာဆီနှင့် ယာဉ် လုံလောက်မှုမရှိပါ။ တစ်ခါတစ်ရံ ကွင်းဆင်းရာတွင် သစ်တောဝန်ထမ်းများအတွက် ခရီးသွားလာစရိတ်၊ နေထိုင်စားသောက်မှု၊ ၎င်းတို့အားထောက်ပံ့ပေးနိုင်မှုမရှိခြင်း(သို့) အနည်းငယ်သာရှိသည်။ ထိုအချက်များသည် ထုတ်ယူခွင့်ပြုနယ်၌ ဝန်ထမ်းများ၏ကြီးကြပ်စစ်ဆေးသည့်စွမ်းရည်ကို ထိခိုက်စေသည်။ အချို့လုပ်ငန်းများတွင် နေ့တွက်စရိတ်ထုတ်ပေးခြင်းသည် စားသောက်စရိတ်နှင့် နေထိုင်တည်းခိုစရိတ်များအတွက် မကာမိခြင်း၊ ကုန်ကျစရိတ်များအား အပြည့်အဝငွေပြန်လည်ထုတ်မပေးခြင်း၊ ငွေထုတ်ပေးမှုနောက်ကျခြင်းတို့ဖြင့်ကြုံတွေ့ရသည်။ ဝန်ထမ်းများအား လက်တွေ့ကွင်းဆင်းချင်စိတ်ရှိစေရန် incentive အနည်းငယ်ဖြင့် ခရီးသွားလာစရိတ်အား တိုးမြှင့်ပေးနိုင်သည်။

နိုင်ငံအများတွင် သစ်တောဝန်ထမ်းများကို သင်တန်းပေးနိုင်မှုနှင့် လုပ်အားခပေးရာ၌လည်း နည်းသည်။ ထို့ကြောင့် မိသားစုလောက်ငှနိုင်ရန် အခြားအလုပ်အကိုင်များကို ရှာဖွေလုပ်ကိုင်ကြရသည်။ ထို့ကြောင့် သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းနှင့် သစ်လုံးတိုင်းထွာမှုထောက်ခံပေးခြင်း၊ လက်တွေ့ကွင်းဆင်းလေ့လာခြင်းမရှိဘဲမှတ်တမ်းရေးခြင်း၊ သစ်ထုတ်လုပ်ရေးအစီအစဉ်နှင့် လုပ်ငန်းမှန်ကန်ကြောင်းတို့ကို ဝန်ထမ်းများလာဘ်စား၍ ဆောင်ရွက်ပေးနိုင်သည်။ သစ်ထုတ်ယူခွင့်ဆိုင်ရာစီမံအုပ်ချုပ်မှု၊ သစ်ထုတ်ခြင်းနှင့် ၎င်းခွင့်ပြုချက်အောက်တွင် သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းတို့ကို ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သစ်တောဌာနများ၏ ကွင်းဆင်းလုပ်ငန်းအခြေအနေ အားကောင်းလာစေရန်အရေးကြီးသည်။ ကွင်းဆင်းစစ်ဆေးခြင်းတွင် ဝန်ထမ်းများကို incentive များပေး၍ လက်တွေ့လုပ်ငန်းပိုင်းနှင့် သင်တန်းပေးထောက်ပံ့ရန်လည်း လိုသည်။ ကွင်းဆင်းဝန်ထမ်းများသည် လာဘ်ပေးလာဘ်ယူမရှိဘဲ သစ်ထုတ်ခွင့်လိုက်လျောချက်ပေါ်၌မှီခိုမှု အားနည်းစွာ လွတ်လွတ်လပ်လပ်စစ်ဆေးဆောင်ရွက်ရန်လိုအပ်သည်။ သစ်တောအခွန်ခ တိုးမြှင့်ကောက်ခံရရှိသည့် ရန်ပုံငွေမှ အစိုးရမဟုတ်သော(ပုဂ္ဂလိက/ပြည်သူပိုင်)အဖွဲ့အစည်းဖြင့် စီစစ်ကြီးကြပ်မှုလုပ်ငန်းကို စာချုပ်ချုပ်ဆိုကာ ကွင်းဆင်းဝန်ထမ်းများအား ခန့်အပ်တာဝန်ပေးခြင်းသည် ၎င်းတို့ကို ကြည့်ရှု

စောင့်ရှောက်သည့်အခြားနည်းလမ်းဖြစ်သည်။ သစ်တောအဖွဲ့အစည်းများနှင့် သစ်ထုတ်ခွင့်ဆိုင်ရာ လိုက်လျောချက်များအတွက် လုပ်ငန်းစွမ်းဆောင်နိုင်မှုဆိုင်ရာ incentive များ ကောင်းမွန်စွာ ပေးရန် သစ်ထုတ်လုပ်ရေးစီမံအုပ်ချုပ်မှုစစ်ဆေးခြင်း၊ သစ်ထုတ်လုပ်မှုအခြေအနေနှင့် သစ်တော စီမံအုပ်ချုပ်မှုတို့ကိုရည်ရွယ်လုပ်ကိုင်သည်။ သစ်ထုတ်ခွင့်ကို လွတ်လပ်စွာစီစစ်ထိန်းချုပ်နေမှု အခြေအနေအောက်တွင် သစ်ထောက်ခံချက်ပေးခြင်းသည် ကဏ္ဍတစ်ခုအဖြစ်ပါဝင်လာနိုင်သည်။

**အခန်း (၃)**

## နိုင်ငံအချို့မှ သစ်တောထုတ်လုပ်ခွင့် ပုံစံကွဲများ

ခွဲဝေအသုံးချရန် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင် သစ်တောထုတ်လုပ်ခွင့် ပုံစံအမျိုးမျိုးဖြင့် လုပ်ကိုင်ကြပြီဖြစ်သည်။ အပူပိုင်းသစ်တောများနှင့် အအေးပိုင်းတောများကို ၎င်းတို့နှင့် သင့်လျော်သော နည်းလမ်းများ၊ သစ်တောများအစဉ်တည်တံ့စေမည့် နည်းလမ်းများဖြင့် ထုတ်လုပ်ခွင့် ပေးခြင်းဖြစ်သည်။ သစ်တောထုတ်လုပ်ခွင့်ဆိုရာတွင် သစ်အပြင် သစ်မဟုတ်သည့် အခြား သစ်တောထွက်ပစ္စည်းများထုတ်လုပ်ခွင့်ပါ ပါဝင်သည်။

### ကာလတိုသစ်ရောင်းချမှု

ကာလတိုသစ်ရောင်းချမှုနည်းလမ်းတွင် သစ်တောမြေပိုင်ဆိုင်ခွင့်မရှိစေပဲ ပင်ထောင်များ မှသာ သစ်ရောင်းချစေသည်။ ထုတ်လုပ်ခွင့်သည် ထုထည်ပမာဏတစ်ခုအထိ သို့မဟုတ် လုံးပတ်၊ မျိုးစိတ်ကန့်သတ်ချက် သို့မဟုတ် ပင်ထောင်ရိုက်မှတ်ထားသောသစ်များကိုသာ ထုတ်လုပ်ခွင့် ရှိသည်။ အချိန်အကန့်အသတ်ရှိပြီး တစ်နှစ်မှ ငါးနှစ်အထိ သို့မဟုတ် ထို့ထက်ပို၍ ရှည်ကြာလာ သည်။ အနာဂတ်တွင် ထွက်ရှိမည့်သစ်အတွက်မူ ရပိုင်ခွင့်မရှိချေ။

ဤလုပ်ငန်းလုပ်ကိုင်သူများသည် ပြည်သူပိုင်သစ်တောများစီမံခန့်ခွဲခြင်း၊ နယ်နိမိတ် တိုင်းတာခြင်း၊ စာရင်းကောက်ခြင်းနှင့် သစ်တောလုပ်ကွက်များရောင်းချခြင်းတို့အတွက် တာဝန်ရှိ သည်။ ထို့အပြင် သစ်ထုတ်လုပ်ခြင်းနှင့်အတူ မျိုးဆက်ခြင်းများအတွက်ပါတာဝန်ရှိသည်။

သစ်ရောင်းချရာ၌ လေလံတင်ခြင်း၊ ဈေးပြိုင်ခေါ်ခြင်း သို့မဟုတ် ချိတ်ပိတ်တင်ဒါ ခေါ်ယူခြင်းများဖြင့် လုပ်ကိုင်သည်။ ထို့ကြောင့် ဈေးပြိုင်သူများအကြား ပြိုင်ဆိုင်မှုကို ဖြစ်စေသည်။ တစ်ခါတစ်ရံတွင် ထုထည်အလိုက်ထိန်းချုပ်၍ ကန့်သတ်ထုတ်ယူစေသည်။ ဤနည်းသည် အခွန်ငွေရရှိမှု လျော့နည်းစေပြီး သစ်ကိုထိရောက်စွာအသုံးမချနိုင်ချေ။ ကာလတိုသစ်ရောင်းချမှု နည်းလမ်းကို အမေရိကန်ပြည်ထောင်စု၌ တွင်တွင်ကျယ်ကျယ်အသုံးပြုလျက်ရှိသည်။ ၎င်းတို့တွင် သစ်တောများ စီမံခန့်ခွဲရန်နှင့် သစ်ထုတ်လုပ်ငန်းများ ကွပ်ကဲရန်အတွက် ရန်ပုံငွေ၊ လုပ်သားများနှင့် လုပ်ငန်း စွမ်းဆောင်ရည်များကောင်းစွာရှိကြသည်။ ထို့အပြင် သစ်ထုတ်လုပ်ခွင့်အတွက် ဈေးပြိုင် ဆွဲမည့် လုပ်ငန်းရှင်များလည်း လုံလောက်စွာရှိကြသည်။

ကနေဒါနိုင်ငံတွင် မြို့တော်မှအပ ကျန်ဒေသများ၊ အယ်ဘာတာ(Alberta)၊ ဗြိတိန် ကိုလံဘီယာ၊ Manitoba နှင့် Ontatio ဒေသများတွင် ကာလတိုသစ်ရောင်းချမှုလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြသည်။ ကနေဒါနိုင်ငံတွင် သစ်ထုတ်နိုင်သော သစ်တောဧရိယာ (၉၀) ရာခိုင်နှုန်း သည် ပြည်သူပိုင်သစ်တောများ ဖြစ်ကြသည်။ ထုတ်လုပ်သူများမှ ထိုသစ်တောများအား စီမံခန့်ခွဲရန် တာဝန်ရှိသည်။ မြို့တော်ပြင်ပရှိ လုပ်ကွက် (၁၀)ခုနှင့် မြို့တော်ပိုင်နက်ရှိ လုပ်ကွက် (၂)ခုအကြား တွင် သစ်ထုတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း ပုံစံများကွဲပြားကြသည်။

ကနေဒါနှင့် အခြားအပူပိုင်းဇုန်နိုင်ငံများသည် သစ်တောအခြေအနေများတူညီကြပြီး သစ်တော ထုတ်ပြန်ချက်များလည်း ဆင်တူကြသည်။ ထိုသစ်တောများသည် သွားလာရေးနှင့်

ပို့ဆောင်ဆက်သွယ်ရေးအခက်အခဲ၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံတို့၏ရပိုင်ခွင့်များထည့်သွင်းစဉ်းစားရမှုကြောင့် စီးပွားရေးအရအလှမ်းဝေးသော သစ်တောများဖြစ်နေကြသည်။ ဤအချက်သည် ဖွံ့ဖြိုးဆဲနိုင်ငံများ အတွက် သစ်ထုတ်လုပ်ရောင်းချရန် စဉ်းစားစရာအခက်အခဲများ ဖြစ်နေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအနက် မလေးရှားနိုင်ငံသည် ကာလတိုသစ်ရောင်းချမှုနည်းလမ်းကို ကောင်းစွာအသုံးပြုနိုင်ကြသည်။ ပန်နီဆူလာကျွန်းတွင် သစ်ရောင်းစာချုပ်များ အပြိုင်အဆိုင်ချုပ်ဆိုနေကြသည်။ ၎င်းဒေသတွင် ပို့ဆောင်ဆက်သွယ်ရေးကောင်းမွန်ပြီး ကျွမ်းကျင်လုပ်သားများရှိကာ သစ်ထုတ်လုပ်ငန်းများကောင်းစွာ ဖွံ့ဖြိုးကြသည်။ ၎င်းတို့တွင် လွတ်လပ်သော သစ်ထုတ်သည့် ကုမ္ပဏီများ၊ သစ်လုပ်ငန်းစက်ရုံများ လုံလောက်စွာရှိကြသည်။ အကျိုးဆက်အနေဖြင့် သစ်ထုတ်ခွင့်ရရန်အတွက် အပြိုင်အဆိုင်များဖြစ်ပေါ်လာစေသည်။

လက်တင်အမေရိက၊ ဟွန်ဒူးရပ်စ် ဒေသတွင် ပြည်နယ်သစ်တောဖွံ့ဖြိုးရေးအဖွဲ့အစည်း (COHDEFOR) က စီမံခန့်ခွဲသော ထင်းရှူးတောများမှ သစ်ရောင်းချမှုသည် ၁၉၉၅ခုနှစ်တွင် စတင်ခဲ့သည်။ သစ်ရောင်းချမှုပမာဏသည် စာချုပ်သက်တမ်း(၂)နှစ်အတွက် သစ်ထုထည် (၂၀၀၀)မှ (၈၀၀၀)ကုဗမီတာအတွင်း ရှိသည်။ ၎င်းဒေသသည် ပို့ဆောင်ဆက်သွယ်ရေးကောင်းမွန်ပြီး ကျွမ်းကျင်လုပ်သားများ လုံလောက်စွာရှိကြသည်။

COHDEFOR သည် သစ်တောစာရင်းကောက်လုပ်ငန်းကို ဦးစွာလုပ်ဆောင်ပြီး ခုတ်လှဲရန်ပင်ထောင်ရိုက်မှတ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်းကို ဆက်လက်လုပ်ဆောင်သည်။ ၎င်းတို့သည် ဈေးကွက်အခြေအနေအရ ပဏာမဈေးနှုန်းကို စတင်သတ်မှတ်ပြီး သစ်လုပ်ကွက်၏ပင်ထောင်အခြေအနေအရ ဈေးနှုန်းကိုညှိနှိုင်းသည်။ ထိုဈေးနှုန်းကို ဈေးပြိုင်ခေါ်ရန် မူလနှုန်းထားအဖြစ်သတ်မှတ်သည်။ လေလံတင်ရာ၌ ချိတ်ပိတ်တင်ဒါနှင့် အိတ်ဖွင့်တင်ဒါနှစ်မျိုးလုံးဖြင့် ဆောင်ရွက်သည်။

အနောက်အာဖရိကနှင့် အရှေ့တောင်အာရှတွင် သစ်ထုတ်လုပ်မှုကို သစ်တောစိုက်ခင်းများဖြင့် ကန့်သတ်လုပ်ဆောင်သည်။ ဂါဘွန်နိုင်ငံတွင် သစ်ကို တစ်ပင်ချင်းရောင်းချသည့် စာချုပ်များဖြင့် ဥပဒေအရ ထုတ်လုပ်သည်။ သို့သော် သစ်တောဌာနသည် ပင်ထောင်မှတ်ခြင်းနှင့် သစ်ခုတ်လှဲခြင်း များကို မထိန်းချုပ်၊ မကွပ်ကဲနိုင်သောကြောင့် ဤနည်းသည် အထမမြောက်ချေ။

## ကာလရှည်သစ်ရောင်းချမှု

ကာလရှည်သစ်ရောင်းချမှုသည် ကာလတိုရောင်းချမှုနည်းလမ်းနှင့်ဆင်တူပြီး ကာလအားဖြင့် (၁၀) နှစ်မှ (၂၀) နှစ် အထိကြာမြင့်သည်။ ထုတ်လုပ်ခွင့်ရရှိသူများသည် စီမံကိန်းရေးဆွဲခြင်း၊ လမ်းဖောက်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် သစ်တောပြန်လည်စိုက်ပျိုးခြင်းတို့ကို လုပ်ဆောင်ရသည်။ အခြားလုပ်ငန်းများအနေဖြင့် ကာလတိုလုပ်ငန်းများကဲ့သို့ပင်ဖြစ်သည်။ ဤပုံစံကို အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့တွင် တွေ့ရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မတွေ့ရသော်လည်း သစ်တောလုပ်ငန်း ဖွံ့ဖြိုးသောနိုင်ငံများ လုပ်ဆောင်နိုင်သော နည်းလမ်းဖြစ်သည်။

**ပင်မလုပ်ကွက်များ သို့မဟုတ် လမ်းဘေးတစ်လျှောက် ခုတ်လှဲထားသော သစ်များအားရောင်းချခြင်း**

အချို့နိုင်ငံများသည် ပင်ထောင်များရောင်းချခြင်းအစား သစ်ထုတ်လုပ်ငန်းကို ကိုယ်တိုင်လုပ်ကိုင်ပြီး ပင်မလုပ်ကွက်နှင့်လမ်းဘေးတစ်လျှောက်၌ သစ်ပိုင်းများအဖြစ်ရောင်းချသည်။ သစ်လုပ်ငန်းအဖွဲ့သည် သစ်ထုတ်ဒေသများအား စီမံခန့်ခွဲခြင်း၊ သစ်ထုတ်ဧရိယာခွဲဝေ သတ်မှတ်ခြင်းနှင့် သစ်ထုတ်ခြင်းများအတွက် တာဝန်ရှိသည်။ သစ်ထုတ်လုပ်ငန်းများက အဖွဲ့အစည်းကိုယ်တိုင်သော်လည်းကောင်း၊ ဌာနမှငှားရမ်းစာချုပ်ချုပ်ထားသော အဖွဲ့များမှလည်းကောင်း ဆောင်ရွက်နိုင်သည်။ လုပ်ငန်းအဖွဲ့သည် သစ်လုံးပို့ဆောင်ရေးအတွက်ပါတာဝန်ရှိပြီး စာချုပ်ချုပ်၍ ငှားရမ်းလုပ်ကိုင်စေနိုင်သည်။

သစ်များကို ဈေးပြိုင်ခေါ်၍လည်းကောင်း၊ ချိတ်ပိတ်တင်ဒါခေါ်၍လည်းကောင်း အစုလိုက်အပြုံလိုက်ရောင်းချသည်။ သစ်ထုတ်လုပ်ငန်းများဖွဲ့စည်းခြင်း၊ ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲ ခြင်းတို့အတွက် သစ်တောဌာနအနေဖြင့် ကောင်းစွာဖွံ့ဖြိုးရန်၊ လုပ်ငန်းကျွမ်းကျင်ရန်နှင့် ရန်ပုံငွေ လုံလောက်ရန် လိုအပ်သည်။ ဈေးပြိုင်ခေါ်ယူပြီး သစ်ရောင်းချရန် ဖွံ့ဖြိုးသော သစ်လုပ်ငန်းများနှင့် စက်ရုံများလုံလောက်စွာ ရရှိရန်လည်းလိုအပ်သည်။

ဤသစ်ရောင်းချမှုပုံစံကို ဥရောပနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင်သာ တွေ့ရသည်။ ထိုင်းနိုင်ငံတွင် သစ်ထုတ်လုပ်ငန်းမရပ်ဆိုင်းခင်က အစိုးရသစ်လုပ်ငန်းမှ သစ်ပိုင်းများလေလံတင်ရောင်းချခြင်းများရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်သစ်လုပ်ငန်းသည် ကျွန်းနှင့် အခြားသစ်စိုက်ခင်းများကို Java နှင့် Madura ကျွန်းများပေါ်၌ တည်ထောင်ခဲ့သည်။ ထိုစိုက်ခင်းများကို စီမံခန့်ခွဲပြီး သစ်ထုတ်လုပ်ငန်း၊ သစ်ခွဲစက်နှင့် သစ်လုပ်ငန်းစက်ရုံများကို ထုတ်လုပ်လုပ်ကိုင်စေခဲ့သည်။ ထိုကျွန်းများပေါ်၌ လူနေထူထပ်ပြီး ဝယ်လိုအားမြင့်မားမှုကြောင့် ဈေးကောင်းများရရှိခဲ့သည်။

**သစ်တောစီမံခန့်ခွဲခွင့်လိုင်စင် (FML)**

သစ်တောစီမံခန့်ခွဲခွင့်လိုင်စင်သည် သစ်ထုတ်ယူခွင့်ရှိသော လုပ်ငန်းဖြစ်သည်။ လုပ်ကွက်ဧရိယာကိုအခြေခံသော ကာလရှည်လုပ်ငန်းဖြစ်ပြီး စီမံခန့်ခွဲမှုတာဝန်ကြီးမားသည်။ FMLကို လုပ်ဆောင်သည့်နိုင်ငံများ၏ အတွေ့အကြုံများနှင့် အခက်အခဲများသည် အခြားနိုင်ငံများအတွက် သစ်တောထုတ်လုပ်ခွင့်ပေးခြင်းနည်းလမ်းများ ပြင်ဆင်နိုင်ရန် ဥပမာများဖြစ်ကြသည်။

သစ်တောစီမံခန့်ခွဲခွင့်လိုင်စင်ကို ကနေဒါနိုင်ငံတွင် အဓိကတွေ့ရသည်။ လိုင်စင်သည် ဘူမိသွင်ပြင်အရ နှစ်စဉ်ထုတ်ယူနိုင်သော သစ်ပမာဏ(AAC)ကိုသာ ထုတ်ခွင့်ပေးထားသည်။ ကာလအားဖြင့် (၂၀)နှစ်မှ (၂၅)နှစ်အထိကြာမြင့်သည်။ သစ်ထုတ်လုပ်ရန် ကျသင့်ငွေပေးဆောင်စေပြီး အပင်များအသစ်ပြန်လည် ဖြစ်ထွန်းပေါက်ရောက်မှုကိုလည်း အကဲဖြတ်ရမည်ဖြစ်သည်။ ခွင့်ပြုချက်ရရှိပြီးပါက သစ်ထုတ်ခွင့်အတွက် သို့မဟုတ် လိုင်စင်သဘောတူချက်အရ ကျသင့်ငွေပေးဆောင်စေရသည်။ သစ်တောများပြန်လည်ဖြစ်ထွန်းစေမည့် လုပ်ငန်းများကို လျော်ကြေးပေး၍ဖြစ်စေ၊ မပေး၍ ဖြစ်စေ လုပ်ဆောင်ရန်သဘောတူရသည်။

ကနေဒါတွင် မြို့တော်ပြင်ပ လုပ်ကွက်(၁၀)ခုအနက်(၉)ခုတွင် သစ်တောစီမံခန့်ခွဲခွင့် လိုင်စင်ကို ပုံစံအမျိုးမျိုး၊ နာမည်အမျိုးမျိုးဖြင့် လုပ်ကိုင်လျက်ရှိကြသည်။

သစ်တောစီမံခန့်ခွဲခွင့်လိုင်စင်တွင် အောက်ပါလက္ခဏာရပ်များကို အဓိကတွေ့ရသည်။

၁။ ဒေသခံအစိုးရနှင့်ကုမ္ပဏီများအကြား ညှိနှိုင်းသဘောတူညီချက်ဖြင့် ဆောင်ရွက်သည်။

၂။ ဝန်ကြီးအဖွဲ့ကအတည်ပြုသော ဝန်ကြီး၏ဆုံးဖြတ်ပိုင်ခွင့်ဖြင့် ညှိနှိုင်းဆောင်ရွက်သည်။ တစ်ခါတစ်ရံ ၌ လုပ်ကွက်ဧရိယာများအား ကြေငြာကမ်းလှမ်းထားသည်။

၃။ သဘောတူညီချက်များသည် များသောအားဖြင့် သစ်လုပ်ငန်းစက်ရုံများတည်ဆောက်မှု၊ ရရှိနိုင်မှုနှင့် ဆက်စပ်နေသည်။

၄။ သဘောတူညီချက်အများစုတွင် သစ်တောများပြန်လည်စိုက်ပျိုးပေးခြင်းကို အချိန်ပိုင်းအဖြစ် လည်းကောင်း လုပ်ငန်းစဉ်တစ်ခုအဖြစ်လည်းကောင်း ဆောင်ရွက်ပေးရန်တို့ပါရှိသည်။

၅။ ထုတ်လုပ်ခွင့်ရရှိသူများသည် သဘောတူစည်းကမ်းများအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည်။ Sustained Yield ရရှိရန်ဆောင်ရွက်ရမည်။ ထုတ်ယူသည့်သစ်များအတွက် အခွန်ငွေပေးဆောင် ရမည်။

၆။ ထုတ်လုပ်ခွင့်ရရှိသူများသည် သစ်ထုတ်ဧရိယာများကို စီမံခန့်ခွဲရန် သစ်တောများပြန်လည် စိုက်ပျိုးရန် တာဝန်ယူရမည်ဖြစ်သည်။ ၎င်းအတွက် ကုန်ကျစရိတ်များကို တစ်ခါတစ်ရံတွင် ပြန်အမ်း ပေးတတ်သော်လည်း အများအားဖြင့် ထုတ်လုပ်ခွင့်ရရှိသူတို့ကသာ တာဝန်ယူရသည်။

လိုင်စင်သက်တမ်းမှာ (၂၀)နှစ်မှ (၂၅)နှစ်အထိရှိပြီး (၅)နှစ်မှ (၁၀)နှစ်စသဖြင့် အချိန် အပိုင်းအခြားအလိုက် အသစ်လဲလှယ်နိုင်သည်။ ထိုသို့ လဲလှယ်ပေးခြင်းသည် သစ်ထုတ်လုပ်မှုကို ကောင်းစွာစီမံဆောင်ရွက်မည့်သူများအတွက် မက်လုံးပေးခြင်းဖြစ်သည်။ လုပ်ငန်းဒေသများတွင် လုပ်ငန်းဧရိယာ၏ (၅)ရာခိုင်နှုန်း သို့မဟုတ် (၁၀)ရာခိုင်နှုန်းကို အခြားမြေအသုံးချမှုလုပ်ငန်းများ အတွက် အစိုးရကပြန်လည်သိမ်းယူနိုင်သည်ကို သဘောတူရသည်။ သစ်တောစီမံခန့်ခွဲရန်နှင့် ပြန်လည်စိုက်ပျိုးရန် ကုန်ကျစရိတ်ကျခံမှုသည် လုပ်ငန်းဒေသများအကြား ကွဲလွဲမှုရှိသည်။ အချို့ဒေသ များတွင် ကုမ္ပဏီများကို ငွေပြန်အမ်းပေးသော်လည်း အချို့ဒေသများတွင် ငွေပြန်အမ်းပေးခြင်းမရှိချေ။ သစ်တောစီမံခန့်ခွဲခွင့်လိုင်စင်လုပ်ငန်းသည် ဒေသအလိုက်ကွဲပြားကြ၍ နှိုင်းယှဉ်လေ့လာနိုင်သည်။

ကနေဒါတွင် လိုင်စင်လုပ်ငန်းမှာ ပြည့်စုံမှုမရှိချေ။ ၎င်းတို့သည် သဘောတူညီချက်များဖြင့် လုပ်ဆောင်စေပြီး တံခါးဖွင့်ဈေးပြိုင်စနစ်ကို မကျင့်သုံးကြချေ။ လိုင်စင်သည် တောပြုန်းတီးခြင်းနှင့် လွန်ကဲစွာသစ်ထုတ်ခြင်းကိုသာ အကဲဖြတ်ပေးသည်။ သဘာဝပတ်ဝန်းကျင်အကျိုးကျေးဇူးများ၊ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများနှင့် ဒေသခံတို့၏ သစ်တောအသုံးပြုမှုဓလေ့များကို လစ်လျူ ထားကြသည်။ ကနေဒါတွင် နှစ်(၄၀)၊(၅၀)ခန့် ထိုသို့လုပ်ဆောင်ခဲ့၍ တွေ့ကြုံခဲ့ရသော ဆုံးရှုံးမှုများကို ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် သင်ခန်းစာယူနိုင်သည်။

**ထုထည်အလိုက်ဝေစုကျသစ်ထုတ်ခွင့်**

ထုထည်အလိုက်ဝေစုကျသစ်ထုတ်ရာတွင် သစ်တောနယ်မြေများနှင့် ပက်သက်သည့် ရပိုင်ခွင့် မရှိချေ။ စီမံအုပ်ချုပ်ထားသောသစ်တောကြီးများမှ နှစ်စဉ်သစ်ထုထည်ပမာဏတစ်ခုအထိ သို့မဟုတ် နှစ်စဉ် ထုတ်ယူနိုင်သောသစ်ပမာဏကို ဝေစုခွဲထုတ်ယူစေသည်။ ဝေစုကိုထုထည်အားဖြင့် လည်းကောင်း မျိုးစိတ်အားဖြင့်လည်းကောင်း သစ်အရည်အသွေးအားဖြင့်လည်းကောင်း ခွဲဝေ ချထားပေးသည်။ ဤနည်းလမ်းသည် အခြားသစ်ထုတ်ခွင့်ပုံစံများနှင့်တူညီနေတတ်ပြီး ရှုပ်ထွေး စေသည်။

နိုင်ငံအနည်းငယ်မှာသာ ဤသစ်ထုတ်နည်းကိုအသုံးပြုကြသည်။ ကနေဒါနိုင်ငံ၏ လုပ်ငန်း ဒေသ(၁၀)ခုအနက် (၈)ခုတွင်သာတွေ့ရသည်။ ၎င်းတို့သည် လိုင်စင်များ၊ သဘောတူစည်းကမ်း ချက်များ၊ လက်မှတ်များစသည်ဖြင့် ဝေစုခွဲကြသည်။

အမည်နှင့်ရပိုင်ခွင့်များမှာ အမျိုးမျိုးကွဲပြားသော်လည်း ၎င်းတို့တွင် သစ်ထုထည်အခြေခံ သည် သဘောတူညီချက်ပါရှိကြသည်သာဖြစ်သည်။ သက်တမ်းအားဖြင့် (၅)နှစ်မှ (၂၀)နှစ်အထိ ကြာမြင့်တက်သည်။ အချို့ဒေသများတွင် (၁၀)နှစ်မှ(၂၀)နှစ်အထိ ရှိသည်။ ဤနည်းလမ်းသည် သစ်တောများကို ပြန်လည်စိုက်ပျိုးနိုင်သော်လည်း ဧရိယာအခြေခံသည့်နည်းကဲ့သို့ သေချာမှုမရှိချေ။ တစ်ခါတစ်ရံတွင် ဝေစုကိုအပြည့်အဝမထုတ်လုပ်နိုင်၍ သစ်ပမာဏလျော့ကျရသည်လည်းရှိသည်။

သစ်ကိုပြည်သူပိုင်သစ်တောများမှ ခွင့်ပြုနိုင်သောပမာဏကိုသာထုတ်ယူသည်။ အချို့ ထုထည်ကို အခြေခံသည့်နည်းများသည် ဧရိယာအခြေခံသည့်နည်းများ၊ အခြားနည်းလမ်းများနှင့် တူညီနေသော ရပိုင်ခွင့်များရှိတတ်သည်။ ဗြိတိန်ကိုလံဘီယာရှိ ပျော့ဖတ်လုပ်ငန်းသည် အသေးစားသစ်များကို ထုတ်ယူခွင့်ရှိပြီး ၎င်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၏ ရပိုင်ခွင့်နှင့် တူသည်။ New Brunswik တွင်လည်းCrown Timber Sub-Licenses ကို ဧရိယာအခြေခံ သစ်ထုတ်လိုင်စင်နှင့် တွဲ၍ ချထားပေးတတ်သည်။

သစ်တောဌာနသည် တစ်နှစ်မှ သုံးနှစ်အထိ သစ်တောဧရိယာများကို ပြည်သူများထံ ချထားပေးသည်။ ၎င်းခွင့်ပြုချက်ကို သဘောတူညီမှုဖြင့် (၁၀)နှစ်မှ (၂၀) နှစ်အထိ သက်တမ်းတိုးမြှင့် နိုင်သည်။

ဤလုပ်ငန်းတွင် သစ်တာစီမံခန့်ခွဲမှု၊ စီမံကိန်းရေးဆွဲခြင်းနှင့် သစ်တောပြန်လည် တည်ထောင်ခြင်းတို့အတွက် ရှိသည့်တာဝန်များမှာလည်း အမျိုးမျိုးကွဲပြားနေသည်။ ဒေသအများစု တွင် ဒေသခံသစ်တောဌာနမှ စီမံဆောင်ရွက်သည်။ အချို့ဒေသများတွင် လုပ်ပိုင်ခွင့်ရရှိသူများက ကိုယ်တိုင်ဆောင်ရွက်ရသည်။ တစ်ခါတစ်ရံတွင် သစ်ထုတ်ပြီး သစ်တောပြန်လည်တည်ထောင် စရိတ်ကို ပေးချေရသည်။

**အစိုးရသစ်လုပ်ငန်း**

ဤလုပ်ငန်းသည် အစိုးရပိုင်ဖြစ်ပြီး သစ်တောစီမံခန့်ခွဲခြင်းနှင့် သစ်တောစီးပွားလုပ်ငန်း များကို ဆောင်ရွက်ရသည်။ အစိုးရသစ်လုပ်ငန်းတွင် သစ်ထုတ်ခြင်းတစ်မျိုးတည်း သို့မဟုတ်

သစ်ထုတ်ခြင်းနှင့် သစ်ခွဲခြင်းနှစ်မျိုးလုံး ပါဝင်သည်။ ပုဂ္ဂလိကပိုင်ချထားမှုနှင့် အစိုးရ ဘက်ဂျက်ကျပ်တည်းမှုများရှိနေသော ယခုခေတ်တွင် အစိုးရသစ်လုပ်ငန်းသည် အဆင်မပြေချေ။ အစိုးရအနေဖြင့် ပုဂ္ဂလိကသို့ လွှဲပြောင်းပေးပြီး အကျိုးအမြတ်ခွဲယူရန်သာ စဉ်းစားမည်ဖြစ်သည်။

ပြည်နယ်သစ်လုပ်ငန်းများတွင် အကျိုးအမြတ်မရှိခြင်း၊ ထိရောက်မှုမရှိခြင်းနှင့် အလေအလွင့်များခြင်း စသည့် ပြဿနာများရှိနေသည်။ အစိုးရသစ်လုပ်ငန်းများတွင် လုပ်သား များပြားခြင်း၊ အခွင့်အာဏာနှင့် ရှင်းလင်းသည့်စေခိုင်းချက်များမရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှုအားနည်း ခြင်း၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ရင်းနှီးငွေမြှင့်တင်ခွင့်မရှိခြင်းနှင့် နိုင်ငံရေးစွက်ဖက်မှုများရှိခြင်း တို့ကြောင့် အကျိုးအမြတ်နှင့် ထိရောက်အောင်မဆောင်ရွက်နိုင်သည်ကို တွေ့ရသည်။

အကယ်၍ အထက်ပါပြဿနာများကို ဖြေရှင်းပေးထားပြီး သစ်လုပ်ငန်းကို လွတ်လပ်သည့် အာဏာပိုင်အဖွဲ့အဖြစ် ဖွဲ့စည်းပေးထားပါက လုပ်ငန်းများကိုထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင် မည်ဖြစ်သည်။

အစိုးရသစ်လုပ်ငန်းများကို အထက်ပါအတိုင်း ဖွဲ့စည်းပြီးကောင်းစွာရင်းနှီးမြှုပ်နှံမှု ပြုပေး ပါ က အခြားကုမ္ပဏီများထက် သာလွန်ပြီး အပူပိုင်းသစ်တောများကို စဉ်ဆက်မပြတ်ရေရှည် ထုတ်ယူနိုင်ပေမည်ဖြစ်သည်။ ဤနည်းဖြင့် ရေရှည်ရင်းနှီးမြှုပ်နှံထားပါက နောက်ထပ်ရင်းနှီးစရိတ် များလျော့ကျလာစေမည်ဖြစ်သည်။

ထို့အပြင်သစ်တောများ ရေရှည်တည်တံ့စေရန် မှန်ကန်သော လုပ်ဆောင်ချက်များရှိပါမည်။ ပြည်နယ်သစ်လုပ်ငန်းများကို သစ်ထုတ်ခနှင့် အခြားအခွန်အခများပေးဆောင်စေရပါသည်။ သို့မဟုတ် ပါကသစ်များကို အလေအလွင့်များစေကာ ထိထိရောက်ရောက်အသုံးချနိုင်မည် မဟုတ် ချေ။

အစိုးရသစ်လုပ်ငန်းပုံစံအမျိုးမျိုးရှိသည်။ အချို့သည် ပြည်သူပိုင်သစ်တောများကို စီမံအုပ်ချုပ်သည်။ အချို့က သစ်ထုတ်ခွင့်နှင့် သစ်ထုတ်လုပ်ငန်းဆောင်ရွက်သည်။ အချို့ကမူ သစ်ထုတ် လုပ်ငန်းမှစ၍ သစ်စက်နှင့် အထပ်သားစက်ရုံကဲ့သို့ ကုန်ချောထုတ်လုပ်ငန်းများကိုပါ ဆောင်ရွက်သည်။

ဟွန်ဒူရပ်စ်ဒေသရှိ COHDEFOR အဖွဲ့အစည်းသည် ထင်းရှူးတောများနှင့် အဖွဲ့အစည်းအားစီမံအုပ်ချုပ်ခြင်း၊ စီမံချက်ရေးဆွဲခြင်းနှင့် သစ်ထုတ်ကွက်များမှ သစ်လေလံတင် ခြင်းများကို တစ်ပါတည်းဆောင်ရွက်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ပြည်နယ်(၅)ခုသစ်လုပ်ငန်းသည် အပြင်ပိုင်းကျွန်းစုများ၌ သစ်ထုတ် လုပ်ငန်းဆောင်ရွက်သည်။ အကြီးဆုံးသစ်လုပ်ငန်းကို Inhutani -၁ကမှ ပိုင်ဆိုင်ပြီး သစ်ထုတ် လုပ်ငန်းမှစ၍ သစ်အချောထည်ထုတ်လုပ်သည်အထိ ဆောင်ရွက်သည်။ အင်ဒိုနီးရှားရှိ သစ်လုပ်ငန်း များသည် လုပ်ကိုင်ရည်နှင့်စီမံခန့်ခွဲမှုအားနည်းသေးသော်လည်း ၄င်းပြည်နယ်ရှိ သစ်လုပ်ငန်း များသည် စီမံခန့်ခွဲခြင်း၊ သစ်ထုတ်ခြင်း၊ သစ်ကုန်ထုတ်လုပ်ငန်းနှင့် အကျိုးအမြတ် ရရှိအောင် ဆောင်ရွက်ရာ၌ ပုဂ္ဂလိကကုမ္ပဏီများထက် သာလွန်အောင်ဆောင်ရွက်နိုင်ကြသည်။

Perum Perhutani တွင် ထုတ်လုပ်သည့်သစ်အချို့ကို အခြားသစ်ကုန်ထုတ်စက်ရုံများသို့ လေလံတင်ရောင်းချပေးသည်။ ထိုစက်ရုံများသည် သစ်နှင့်သစ်မဟုတ်သည့် အခြားသစ်တောထွက် ပစ္စည်းများကို သစ်တောစိုက်ခင်းများမှ ဈေးကွက်သို့တင်ပို့သည်။ ထို့အပြင် ၎င်းတို့သည် Social Forestry လုပ်ငန်းများ၊ လူမှုရေးဝန်ဆောင်မှုများ၊ သစ်တောစိုက်ခင်းဒေသရှိ ဒေသခံတို့၏ လူနေမှု ဘဝမြှင့်တင်ပေးခြင်းများကိုပါ ဆောင်ရွက်သည်။ လူနေထူထပ်ပြီး ဝယ်လိုအားများသည့် Madura နှင့် Java ကျွန်းများတွင်လည်း တန်ဖိုးမြင့်ကျွန်းစိုက်ခင်းများဖြင့် သစ်လုပ်ငန်းလုပ်ကိုင်ပြီး အကျိုးအမြတ် များရရှိနေကြသည်။

မလေးရှားနိုင်ငံ ပန်နီဆူလာကျွန်းဆွယ်တွင်လည်း ပြည်နယ်သစ်လုပ်ငန်းသည် သစ်ထုတ် လုပ်ငန်းမှစ၍ သစ်အချောထည်ထုတ်လုပ်သည်အထိ ဆောင်ရွက်လျက်ရှိသည်။ သို့သော် ပုဂ္ဂလိက လုပ်ငန်းများနှင့် ယှဉ်သော်ထိရောက်အကျိုးရှိမှုအားနည်းနေသည်။ မလေးရှားနိုင်ငံ ဆာဘတ်ဒေသရှိ Sabah Foundation သည် ပြည်နယ်သစ်လုပ်ငန်းတစ်ခုဖြစ်ပြီး ပြည်နယ်၏သစ်တောဧရိယာ ၈၅၀၀၀၀ ဟက်တာကို နှစ်(၁၀၀)ကာလ လုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအများအပြားတွင် ပြည်နယ်သစ်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြပြီး အများအားဖြင့် စီမံခန့်ခွဲမှုနှင့် အကျိုးအမြတ်ရရှိမှု အားနည်းကြသည်။ အကြောင်းမှာ လုပ်ငန်းကို ဝင်ရောက် စွက်ဖက်မှု၊ လုပ်သားထူပြောခြင်း၊ ငွေရင်းနည်းခြင်းနှင့် ထပ်မံရင်းနှီးမြှုပ်နှံရန် ငွေပြတ်လပ်ခြင်း တို့ဖြစ်သည်။ ငွေရင်းနည်းခြင်းနှင့် ထပ်မံရင်းနှီးမြှုပ်နှံမှုမပြုနိုင်ခြင်းတို့ကြောင့် စီမံကိန်းများသည် ရေတိုအတွက်သာ အလုပ်ဖြစ်ပြီး စဉ်ဆက်မပြတ်ဆောင်ရွက်မှုအတွက် အဟန့်အတားဖြစ်စေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အစိုးရပိုင်လုပ်ငန်းများကို သစ်တောအပြင် သတ္တုတွင်းလုပ်ငန်း၊ ငါးလုပ်ငန်းစသည့် သဘာဝအရင်းမြစ်များထုတ်ယူသည့် လုပ်ငန်းများတွင်ပါ ဆောင်ရွက်လျက်ရှိကြ သည်။ ၎င်းလုပ်ငန်းများသည် နိုင်ငံ၏သဘာဝအရင်းအမြစ်များထုတ်ယူရန်နှင့် ထိန်းသိမ်းရန်၊ စီမံခန့်ခွဲရန် လုပ်ဆောင်ကြသည်။

**မြေမှအပ သစ်တောများကို ပုဂ္ဂလိကပိုင်ချထားပေးခြင်း**

ဤလုပ်ငန်းတွင် လက်ရှိသစ်တောသစ်ပင်နှင့် နောင်ဖြစ်လာမည့် သစ်ပင်များကို ရောင်းချ ပေးခြင်းပင်ဖြစ်သည်။ ထို့သို့ ရောင်းချပေးခြင်းသည် ခုတ်ပတ်တစ်ခုအတွက် သို့မဟုတ် တစ်ခုထက်ပို၍ သို့မဟုတ် တစ်သက်တာအတွက်ပင် ဖြစ်နိုင်ပေသည်။ နယူးဇီလန်နိုင်ငံတွင် ပြင်ပမျိုးစိတ်ဖြစ်သော radiate ထင်းရှူးစိုက်ခင်းများကို ထိုသို့ရောင်းချပေးနေသည်။ စိုက်ခင်း များကို အကွက်လိုက်ဖြစ်စေ၊ ချိတ်ပိတ်တင်ဒါဖြင့်ဖြစ်စေ နိုင်ငံတကာမှ ဈေးပြိုင်ခေါ်ယူခြင်းဖြင့် ဖြစ်စေ ရောင်းချသည်။ လက်ရှိသစ်ပင်များကို ရောင်းချပေးပြီးလျှင် (၃၅)နှစ်ခုတ်ပတ်အတွင်း နောက်ထပ်အပင်များ တိုးပွားလာနိုင်အောင် မြေအသုံးချခွင့်ကိုလည်းပေးထားသည်။ ဈေးပြိုင် နှုန်းထားများသည် မူလပေးချေငွေဖြစ်ပြီး သစ်ထုတ် ယူရန် နောက်ထပ်ပေးဆောင်ငွေမပါသေးချေ။ ထို့အတွက် အစောပိုင်းတွင် ဈေးပြိုင်စနစ်သည် အောင်မြင်မှုမရှိချေ။ ကြေငြာထားသည့် သစ်တော

ဧရိယာ၏ (၁၅)ရာခိုင်နှုန်းကိုသာ ရောင်းချနိုင်ခဲ့သည်။ ကျန်သည်များကို ညှိနှိုင်းဈေးဖြင့် ရောင်းချခဲ့ရသည်။

ပုဂ္ဂလိကပိုင်ချထားပေးခြင်းသည် အကြီးမြန်သစ်တောစိုက်ခင်းများအတွက်သာသင့်တော်ပြီး သစ်မဟုတ်သည့် အခြားအကျိုးအမြတ်များလည်းရရှိနိုင်သည်။ နယူးဇီလန်တွင် စိုက်ခင်းသစ်တောများကိုသာ ပုဂ္ဂလိကပိုင်ချထားပေးပြီး သဘာဝတောများကို ချမပေးချေ။ စိုက်ခင်းတည်ထောင်ရာတွင် အစပိုင်းရင်းနှီးမြှုပ်နှံမှုကြီးမားပြီး ထိုရင်းနှီးစရိတ်ပြန်လည်ရရှိရန် သေချာစေရန် လိုအပ်သည်။ စိုက်ခင်းများမှ ဈေးကွက်ဝင်သစ်နှင့် အခြားထုတ်ကုန်များလည်းရရှိနိုင်သည်။ သစ်မဟုတ်သည့် အခြားထွက်ကုန်နှင့် ပတ်ဝန်းကျင်အကျိုးကျေးဇူးများမှာ သဘာဝတောမှ ရရှိမှုထက် နည်းပါးသည်။ စိုက်ခင်းများမှရရှိမည့် ထိုအကျိုးကျေးဇူးများကို ထိန်းသိမ်းရန် စာချုပ်များ၊ သဘောတူညီချက်များ သို့မဟုတ် မြေအသုံးချမှု ဥပဒေများဖြင့် ကာကွယ်ရပါမည်။

**သစ်တောမြေနှင့်သစ်တောများကို ပုဂ္ဂလိကပိုင်ချထားခြင်း**

နိုင်ငံအများစု၌ သစ်ထုတ်ရာတွင်အခက်အခဲများနှင့် လက်ရှိခေတ်အခြေအနေအရ သစ်တောများကို ပုဂ္ဂလိကပိုင်အဖြစ် ဖွဲ့စည်းလာကြပြီဖြစ်သည်။ လွန်ခဲ့သောဆယ်စုနှစ်အတွင်း သစ်တောပိုင်ဆိုင်မှု၊ အသုံးချမှုနှင့် စီမံခန့်ခွဲမှုတို့တွင် ပုဂ္ဂလိကကဏ္ဍ တိုးတက်လာခဲ့သည်။ ထို့အတွက် အာဏာပိုင်များက သစ်တောမြေနှင့် သစ်တောများကို ပုဂ္ဂလိကပိုင်အဖြစ် ချထားပေးလာခြင်းဖြစ်သည်။

ပုဂ္ဂလိကပိုင်ချထားပေးခြင်းသည် ခုတ်ပတ်သက်တမ်းတိုသည့် ကြီးမြန်သစ်မျိုးစိတ် စိုက်ခင်းများအတွက် အထူးသင့်လျော်သည်။ ကြီးမြန်စက္ကူနှင့် ပျော့ဖက်စိုက်ခင်းများမှ ဝင်ငွေရရှိမှုသည် အခြားရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေရရှိမှုနှင့်တူညီနိုင်သည်။ စိုက်ခင်းများမှ ရောင်းကုန်မဟုတ်သည့် အကျိုးရလဒ်များ၊ လူထုအကျိုးစီးပွားနှင့် အခြားအကျိုးကျေးဇူးများကိုလည်း ရရှိနိုင်ပါသည်။

ပုဂ္ဂလိကပိုင်ချထားပေးခြင်းသည် ဗြိတိန်နိုင်ငံတွင် ၁၉၈၁ခုနှစ်မှ ပုဂ္ဂလိကပိုင်ယာယီဆိုင်းငံ့ထားသည့် ၁၉၉၇ခုနှစ်အထိ ဗြိတိန်သစ်တောကော်မရှင်မှ စတင်လုပ်ကိုင်ခဲ့ခြင်း ဖြစ်သည်။ ချီလီနိုင်ငံတွင်လည်း စိုက်ခင်းများကို ရောင်းချရန် အသုံးပြုသောနည်းဖြစ်သည်။ ယခင်အချိန်များက သဘာဝတောများကို ပုဂ္ဂလိကပိုင်ချထားပေးဖူးသည်။

သဘာဝတောများကို ပုဂ္ဂလိကပိုင်ချပေးခြင်းသည် ဆိုးရွားသောပြင်မရသည့် အမှားတစ်ခုဖြစ်နိုင်သည်။ အပူပိုင်းတောများသည် ကြီးထွားနှုန်းအလွန်နှေးပြီး ပိုင်ဆိုင်လိုသူများအတွက် သစ်တော အစဉ်တည်တံ့စေရန် စီမံခန့်ခွဲရာ၌ အခက်အခဲများရှိနေသည်။ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအနေဖြင့် သစ်တောကိုအကုန်ထုတ်ပြီး ထပ်မံမြှုပ်နှံခြင်းဖြင့် ဝင်ငွေပိုရရှိစေရန် ဆောင်ရွက်လိုကြသည်။

**အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်း**

အစိုးနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ဈေးကွက်နေရာရရှိရန်ဆောင်ရွက်ခြင်းတို့ကို မျှဝေလုပ်ကိုင်သည်။ သစ်တောသယံဇာတများကို မျှဝေအသုံးချစေပြီး အကျိုးအမြတ်ကိုခွဲတမ်းကျရယူသည်။

ပူးပေါင်းဆောင်ရွက်ခြင်းသည် အကျိုးကျေးဇူးများရှိသကဲ့သို့ အရေးကြီးသောပြဿနာများလည်းရှိသည်။ အကျိုးကျေးဇူးအားဖြင့် ရန်ပုံငွေတည်ထောင်မှု၊ စီးပွားရေးစီမံခန့်ခွဲမှု၊ သစ်တောစီမံခန့်ခွဲမှုစသည်တို့၌ နှစ်ဖက်အားသာချက်များကို ပေါင်းစပ်ဆောင်ရွက်နိုင်သည်။

ပူးပေါင်းဆောင်ရွက်ရာတွင် တစ်ဘက်ဘက်မှ အားသာနေခြင်းမျိုးမရှိစေရန် စွမ်းဆောင်ရည်များကို ထိန်းညှိဆောင်ရွက်ရန်လိုအပ်သည်။ သို့မဟုတ်ပါက အစိုးရအနေဖြင့် လုပ်ပိုင်ခွင့်မှားယွင်းချပေးမှုမျိုး၊ မှားယွင်းလက်မှတ်ထိုးပေးခြင်းမျိုးများရှိလာနိုင်သည်။

ပုဂ္ဂလိကကုမ္ပဏီများက ဈေးကွက်ချယ်လှယ်ခြင်းသည်လည်း အစိုးရအတွက်အလွန်အန္တရာယ်ကြီးသောကိစ္စဖြစ်သည်။ ပုဂ္ဂလိကကုမ္ပဏီများမှ လုပ်ငန်းအတွက်လိုအပ်သော စက်ပစ္စည်းများ၊ ယန္တရားများနှင့် ဝန်ဆောင်မှုများကို ပေါက်ဈေးထက်ပို၍ တင်သွင်းခြင်းများရှိတတ်သည်။ ထို့အပြင် လုပ်ငန်းမှထွက်ကုန်များကို ပေါက်ဈေးထက်လျှော့၍ ပြင်ပပုဂ္ဂလိကကုမ္ပဏီများကို ရောင်းချပေးခြင်းများရှိတတ်သည်။ ဤနည်းဖြင့် ပူးပေါင်းသည့် ကုမ္ပဏီများက မိမိတို့အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်လာနိုင်သည်။

ပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် အစိုးရဘက်မှ သစ်တန်ဖိုးအခွန်အခကောက်ခံခြင်းကို လက်ခံပေးရမည်ဖြစ်သည်။ အစိုးရသည် ထုတ်လုပ်သည့်သစ်တန်ဖိုးကိုရာနှုန်းပြည့်ရရှိမည်မဟုတ်၍ ထပ်မံအခွန်ကောက်ခံရန်လိုအပ်သည်။ ထို့အပြင် အခွန်မကောက်ခံပါ က ပုဂ္ဂလိကဘက်မှ သစ်ကိုအလဟသထုတ်ယူပြီး အလေအလွင့်များကာ သစ်ကိုထိရောက်စွာအသုံးပြုနိုင်မည် မဟုတ်ချေ။

## အခန်း(၄)

### သစ်တောများကို ရေရှည်တည်တံ့ခိုင်မြဲစွာ ထုတ်ယူခွင့်ပြုခြင်း

တချိန်တုန်းက သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများကို ပုဂ္ဂလိကကုမ္ပဏီများသို့ လွှဲပြောင်း လုပ်ဆောင်စေခဲ့ရာမှာ အောင်မြင်မှုမရခဲ့ပါ။သို့သော် ဤလုပ်ငန်းမှ အတွေ့အကြုံများ ရခဲ့သလို ကြုံတွေ့ခဲ့ရသော ပြဿနာများမှတဆင့် သင်ခန်းစာများရခဲ့ပြီး၊ ၎င်းအပေါ်တွင် အခြေခံသော ထုတ်ယူခွင့်ပြုခွင့်မူဝါဒများရေးဆွဲခြင်း လုပ်ထုံးလုပ်နည်းများနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် အကျိုးများခဲ့ပါသည်။သစ်တောမှ ထုတ်ယူခွင့်ပြုနိုင်သော အတိုင်းအတာကို စီမံအုပ်ချုပ်ရာတွင် ပိုမိုထိရောက်လာသလို သဘာဝပတ်ဝန်းကျင် နှင့်လည်းပို၍ ကိုက်ညီလာပါသည်။

### ထုတ်ယူခွင့်ပြုကန်ထရိုက်စာချုပ်များ၏ ရည်ရွယ်ချက်များ

ထုတ်ယူခွင့်ပြုကန်ထရိုက်စာချုပ်များ၏ ရည်ရွယ်ချက်များသည် နိုင်ငံ၏သစ်တောရေးရာ မူဝါဒပေါ်လစီများ အပေါ်တွင်မူတည်နေပါလိမ့်မည်။ ဤခွင့်ပြုမည့် ကန်ထရိုက်ရည်ရွယ်ချက်များကို ယေဘုယျအားဖြင့် ထိန်းသိမ်းမည့်အပိုင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပိုင်းဟူ၍ နှစ်ပိုင်းခွဲထား ပါသည်။ ထိန်းသိမ်းရေး ရည်ရွယ်ချက်များနဲ့ပက်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာနှင့်သစ်တောပိုင်း ဆိုင်ရာဟူ၍ ထပ်မံခွဲခြားထားပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာရည်ရွယ်ချက်များတွင် သစ်တော ဖုံးလွှမ်းမှုကိုထိန်းသိမ်းခြင်း၊ ရေဝပ်ဒေသများထိန်းသိမ်းခြင်း၊ ရေဝေရေလဲဒေသများကို ကာကွယ် ခြင်း၊ ရေတိုက်စားခြင်းမှကာကွယ်ခြင်း၊ နေရင်းဒေသများကိုကာကွယ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းတို့ပါသည်။ ဤထိန်းသိမ်းရေးဆိုင်ရာရည်ရွယ်ချက်များတွင် ပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့်သစ်တောစီမံအုပ်ချုပ်မှုဟူ၍ အကျုံးဝင်ပါရှိပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်ရွယ်ချက်များကို စီးပွားရေးတိုးတက်လာမှုနှင့် စတော့ရှယ်ရာများဟူ၍ ခွဲခြားထားပါသည်။ စီးပွားရေးအရအကျိုးအမြတ်ရရှိမှုတွင် သယံဇာတများ ကိုကောင်းစွာ အသုံးချနိုင်မှုများပါဝင်သလို ကောင်းစွာသောရင်းနှီးမြုပ်နှံမှုများလဲပါဝင်သည်။ ခွင့်ပြုထားသော လုပ်ကွက်ဧရိယာအတွက် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်များ ပါဝင်ပြီးထုတ်ယူ မည်။ သယံဇာတ၏တန်ဖိုးကို ပေါ်လွင်အောင်သတ်မှတ်ခြင်းတို့ပါဝင်ပါသည်။

### ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ ရည်ရွယ်ချက်များ

*၁။ ပတ်ဝန်းကျင်ဆိုင်ရာ ရည်ရွယ်ချက်များ*

၁။ သစ်တောဖုံးလွှမ်းမှုထိန်းသိမ်းခြင်း

၂။ ရေဝပ်ဧရိယာထိန်းသိမ်းခြင်း

၃။ ရေဝေရေလဲဒေသကာကွယ်ခြင်း

၄။ ရေတိုက်စားမှုထိန်းချုပ်ခြင်း

၅။ နေရင်းဒေသကာကွယ်ခြင်း

၆။ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ခြင်းတို့ဖြစ်သည်။

*၂။ သစ်တောကဏ္ဍဆိုင်ရာ ရည်ရွယ်ချက်*

- ထာဝစဉ်တည်တံ့စေသောသစ်တောအုပ်ချုပ်မှုလုပ်ငန်း

**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရည်ရွယ်ချက်များ**

**၁။ မျှော်မှန်းထားသောစီးပွားရေးအကျိုးအမြတ်များ**

- သစ်တောသယံဇာတကို ကောင်းစွာအသုံးချခြင်း
- ကောင်းမွန်သော ရင်းနှီးမြုပ်နှံမှုရှိခြင်း
- အုပ်ချုပ်ရေးဆိုင်ရာစွမ်းဆောင်ရည်ကောင်းမွန်စေခြင်း
- သယံဇာတများကိုကောင်းစွာတန်းဖိုးသတ်မှတ်ခြင်းတို့ ပါဝင်ပါသည်။

**၂။ ဈေးကွက်မျှော်မှန်းချက်များ**

- ထုတ်ယူရရှိသောကုန်ပစ္စည်းများသည်ရောင်းတန်းဝင်ရန်
- အကျိုးအမြတ်ကို ခွဲဝေရာတွင်လည်းကောင်း၊ ထုတ်ယူရသည့်ကုန်ကျစရိတ်ကို တွက်ချက်ရာတွင် လည်းကောင်း လူမှုရေးအခြေအန၊ စီပွားရေအခြေအနေတို့ အပေါ်တွင် မူတည်တွက်ချက်ရန်

**သစ်ထုတ်လုပ်ခွင့်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ**

*Contract design*

အထက်တွင် ဖော်ပြထားသောရည်ရွယ်ချက်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ခွင့်ပြုနိုင်ခွင့်များခွဲဝေပေးမှု၊ လိုအပ်မည့်စီမံကိန်းလုပ်ထုံးလုပ်နည်းများကို ရှင်းလင်းစွာဖော်ပြထားရန်၊ အုပ်ချုပ်သူများ၏ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို အသေးစိတ်ဖော်ပြထားရန်တို့ ဖြစ်ပါသည်။ ရှင်းလင်းစွာဖော်ပြထားသော ထုတ်ယူခွင့်ပြု အခြေအနေများသည် တော၏တန်ဖိုး တက်လာအောင် ကူညီနိုင်ခြင်း၊ ကုန်ချောထုတ်ရာတွင် တန်ဖိုးမြင့်လာစေခြင်း၊ ထိုမှတဆင့် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကိုဖြစ်ပေါ်စေမည်ဖြစ်သည်။ ထုတ်ယူခွင့်ကန်ထရိုက်စာချုပ်ချုပ်ဆိုထားသူများအနေဖြင့်လည်း သစ်တောစီမံခန့်ခွဲအုပ်ချုပ်မှုရေးတာဝန်များ ဆောင်ရွက်ရန်နှင့် ရင်းနှီးမြုပ်နှံရန်အတွက် လိုအပ်သော သတ်မှတ်ချက်များ၊ အခြေနေများကိုသိရှိရန်လိုအပ်ပါသည်။ ထုတ်ယူခွင့်ပြုခြင်းနှင့်ပက်သက်သော သတ်မှတ်ချက်များ၊ အခြေနေများလုံခြုံစိတ်ချရမှုသည် အစိုးရအတွက် လေလံဈေးကောင်းကောင်းရစေခြင်း၊ ခွင့်ပြုခွင့် ဝန်ဆောင်ခများလည်း ရရှိစေပါသည်။ ထုတ်ယူခွင့်ပြုစာချုပ်များချုပ်ဆိုရာတွင်လည်း ပြောင်းလဲနေမည် ဖြစ်သည့်သစ်တော၊ ပတ်ဝန်းကျင်နှင့် ဈေးကွက်အခြေအနေများအလိုက် ပြုပြင်ပြောင်းလဲနိုင်ရန် ၎င်းခွင့်ပြုခွင့်စာချုပ်များတွင် အပြောင်းအလဲကို ညှိနှိုင်းနိုင်မည့် အခြေအနေ တစ်ရပ်ကိုထည့်သွင်းချုပ်ဆိုရမည်ဖြစ်သည်။

**ခွင့်ပြုခွင့်လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း**

နိုင်ငံတော်တော်များများမှာ ဤလုပ်ထုံးလုပ်နည်းများရှိနှင့်ကြပြီးဖြစ်ပါသည်။ သို့သော်လည်း ၎င်းလုပ်ထုံးလုပ်နည်းများသည် ထုတ်ယူခွင့်ပြုခြင်းကို ရှင်းလင်းစွာဖော်ပြနိုင်အောင်၊ တိုင်းတာနိုင်အောင်တည်ဆောက်ထားသည်မဟုတ်ပဲ ခွင့်ပြုခွင့်လုပ်ငန်းစဉ်အပေါ်၌သာ အလေးပေးထား

သည်ကို တွေ့ရှိရပါသည်။ ဤနေရာတွင် ဖော်ပြမည်ဖြစ်သော ထုတ်ယူခွင့်ပြုခြင်း လုပ်ထုံးလုပ်နည်းများသည် တည်ရှိပြီးသား လုပ်ထုံးလုပ်နည်းများကို ပို၍ အားကောင်းလာစေရန် ရည်ရွယ်ပါသည်။ အဓိကအောင်မြင်နိုင်မည့်အချက်သည် ခွင့်ပြုခွင့်သဘောတူညီချက်များ ဆောင်ရွက်ရာတွင်လည်းကောင်း၊ သစ်တောစီမံအုပ်ချုပ်ရာတွင်လည်းကောင်း၊ ၎င်းလုပ်ငန်းများကို ကြီးကြပ် ထိန်းကြောင်းရာတွင်လည်းကောင်း သင့်တော်သော မက်လုံး(incentives) များထည့်သွင်း စဉ်းစားရေးပင်ဖြစ်ပါသည်။ သစ်တောခွင့်ပြုလုပ်ကိုင်ခွင့်များ ခွဲဝေရာတွင်လည်း လေလံစနစ်ဖြင့် ရွေးချယ်ခြင်း၊ တခြားသောယှဉ်ပြိုင်ရွေးချယ်ခြင်းများ ပြုလုပ်ခွဲဝေသင့်ပါသည်။

ဤသို့ သစ်တောစီမံအုပ်ချုပ်ရေးအရ မြေများခွဲဝေလုပ်ကိုင်မှု မူဝါဒများချမှတ်ရာတွင်လည်း နိုင်ငံအတော်များများ၌ လိုအပ်ချက်များရှိနေပါသေးသည်။ ဤမူဝါဒများများချမှက်မည်ဆိုပါက လေလံအောင်ပြီး ခွင့်ပြုခွင့်ရနိုင်သူများကို အရင်ဆုံးလေ့လာသုံးသပ်ရမည်ဖြစ်သည်။ နောက်တဆင့် အနေဖြင့် အတွေ့အကြုံရှိပြီး ဩဇာညောင်းသောကုမ္ပဏီများနှင့် ဆွေးနွေးညှိနှိုင်းရပါမည်။ ထို့နောက် ခွင့်ပြုခွင့်ရရှိပြီးသူများ၏ သစ်တောလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးရမည်။ သို့မှသာ မှန်ကန်သော မူဝါဒများချမှတ်နိုင်မည် ဖြစ်ပါသည်။ ထုတ်ယူခွင့်ပြုမည့် လုပ်ထုံးလုပ်နည်း များကိုအားကောင်းစေပြီး၊ ၎င်း၏ steps များကို ထင်ရှားစေသည့် အစီရင်ခံစာ တစ်ခုကို Rio de Janeiro (Gray1997b) တွင်ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုမှ ကောက်နုတ်တင်ပြရမည် ဆိုပါက (၁) ထုတ်ယူခွင့်ခွဲဝေရာတွင်လိုအပ်သော အဆင့်သတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်း များ (၂)ထုတ်ယူခွင့်ပြုခွင့်စာချုပ်များ၏ပုံစံများ၊ အဆင့်များ၊ သဘောတူညီချက်များ၊ (၃) ကြီးကြပ် စစ်ဆေးခြင်း (၄)ချုပ်ဆိုပြီးသောစာချုပ်များကို ပြန်လည်သုံးသပ်ခြင်းနှင့် တိုးချဲ့ခြင်းတို့ဖြစ်ပါသည်။

**သစ်ထုတ်ခွင့်လုပ်ငန်းခွဲဝေချထားပေးခြင်း လုပ်ငန်းစဉ်များ**

*အဆင့် (၁) ခွင့်ပြုထားသောမြေနေရာသည် တခြားသောမြေယာပိုင်ဆိုင်ခွင့်၊ မြေအသုံးချမှုနှင့် ပက်သတ်သော ကန့်သတ်ချက်များ ကင်းလွတ်ပြီးဖြစ်ရမည်။ အကယ်၍ ကန့်သတ်ချက်များနှင့် ညိစွန်းနေပါက ခွင့်ပြုခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် နှောင့်နှေးစေပါသည်။*

*အဆင့် (၂) ခွင့်ပြုထားသော သစ်တောစီမံအုပ်ချုပ်ခွင့်လုပ်ငန်းများ စတင်ဆောင်ရွက်ရန်*

ဤကဲ့သို့စတင်ဆောင်ရွက်ရာတွင်လည်း ယခင်အုပ်ချုပ်လုပ်ကိုင်ခဲ့သူများ ဖော်ပြထားသော ၎င်းမြေနေရာနှင့်ပက်သတ်၍ သိသင့်သိထိုက်သည့် အချက်အလက်များအပေါ်မူတည်၍ အရေးကြီး သည့်လုပ်ငန်းများကို အလျင်းသင့်သလို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

*အဆင့် (၃) ခွင့်ပြုလုပ်ကိုင်မည့် မြေနေရာကိုကြေညာပြီး စိတ်ဝင်စားမှုရရှိအောင်ပြုလုပ်ခြင်း*

ခွင့်ပြုလုပ်ဆောင်စေမည့်မြေနေရာကို သတ်မှတ်ပြီးပါက လေလံဆွဲရာတွင်လိုအပ်မည့် အချက်အလက်များကိုဖော်ပြပြီး လာရောက်လုပ်ကိုင်မည့်သူများအား ခွင့်ပြုလုပ်ကိုင်မည့် မြေနေရာကိုကြေညာပြီး စိတ်ဝင်စားမှုရရှိအောင်ပြုလုပ်ခြင်း

*အဆင့်(၄) လေလံဆွဲသူများဘက်မှ ဖေါ်ပြရန်လိုအပ်သောအချက်အလက်များ*

ကုမ္ပဏီ၏ပိုင်ရှင်၊ ဘဏ္ဍာရေးအခြေအနေ၊ လက်အောက်ခံကုမ္ပဏီများနှင့် စပ်ဆက်ကုမ္ပဏီများ စသည့်တို့ကို ဖော်ပြထားရန်

*အဆင့်(၅) အရည်အချင်းရှိလေလံသမားများအား သဘောတူလက်ခံနိုင်ခြင်း*

ဤထောက်ခံမှုဆိုသည်မှာ ၎င်းကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေ ကောင်းမွန်မှုအပေါ်မူတည်သလို၊ ၎င်းကုမ္ပဏီ၏ သစ်တောစီမံခန့်ခွဲမှုနှင့်ပတ်သက်သော အတွေ့အကြုံများအပေါ်လည်း မူတည်ပါသည်။

*အဆင့်(၆) လုပ်ကိုင်မည့်လုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာတင်သွင်းရန်၊ ၎င်းဧရိယာနှင့် သစ်ထွက်နိုင်မည့် အခြေအနေများကို သုံးသပ်နိုင်ရန်အချိန်တစ်ခုပေးရန်*

တကယ့်ကိုစေ့စပ်သေချာစွာလုပ်ကိုင်မည့် လုပ်ငန်းရှင်များအနေဖြင့် ၎င်းဧရိယာမှ ထွက်ရှိနိုင်မည့် သစ်သား၏အခြေအနေ၊ အရည်အသွေးကိုကောင်းစွာသိရှိလိုကြမည့်ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အတွက် survey ကောင်းကောင်းလုပ်နိုင်ရန် အချိန်ပေးရမည်ဖြစ်သည်။

*အဆင့်(၇) လေလံသွင်းခြင်း*

လေလံအတွက်နောက်ဆုံးရက်ကို တင်းတင်းကျပ်ကျပ်သတ်မှတ်ထားရန်နှင့် သို့မှသာ မလိုလားအပ်သော တောင်းဆိုမှုများ၊ တရားဥပဒေအရတွေ့ဆုံရမှုများကို ရှောင်လွှဲနိုင်မည်ဖြစ်သည်။ ပွင့်လင်းမြင်သာသော လေလံပွဲတစ်ခုဖြစ်လာရန်လည်း ဆောင်ရွက်ရမည်ဖြစ်သည်။

*အဆင့်(၈) လေလံအောင်သူကိုရွေးချယ်ခြင်း*

ပါဝင်ယှဉ်ပြိုင်သောကုမ္ပဏီများအနေဖြင့် ထိုက်သင့်သော အရည်အသွေးများရှိကြသည်သာဖြစ်သည်။ ထို့ကြောင့် လေလံအောင်သူကိုရွေးချယ်ရာတွင် ခွင့်ပြုနိုင်ခွင့်အခြေနေများအဖြစ်သက်မှက်ချက်များနှင့်ကိုက်ညီသော အဆိုပြုလွှာတင်သွင်းနိုင်သူ၊ ဘဏ္ဍာရေးအခြေအနေကိုလည်း ခိုင်မာစွာပြသနိုင်သူကိုသာလျှင် ရွေးချယ်ရမည် ဖြစ်ပါသည်။

*အဆင့်(၉) ခွင့်ပြုခွင့်ကန်ထရိုက်စာချုပ်များ လက်မှတ်ထိုးခြင်း*

စာချုပ်တွင် လုပ်ကိုင်မည့်သူ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရားများကို ခြုံငုံမိအောင် ထည့်သွင်းချုပ်ဆိုရမည် ဖြစ်သည်။ ထို့အတူ ခွင့်ပြုခွင့်ရရှိသော အခြေအနေအောက်မှနေ၍ သစ်တောကိုကောင်းစွာစီမံအုပ်ချုပ်ရန်၊ သစ်မထွက်သည့်ဧရိယာများကိုလည်း ကောင်းစွာကာကွယ်နိုင်ရန် ထည့်သွင်းချုပ်ဆိုရမည်ဖြစ်ပါသည်။

**သစ်တောစီမံအုပ်ချုပ်လုပ်ပိုင်ခွင့်စာချုပ်- အဖွဲ့နှင့်အကောင် အထည်ဖေါ်ဆောင်ရွက်ခြင်း**

ခွင့်ပြုထားသည့် သစ်တောအုပ်ချုပ်မှုလုပ်ငန်းကို ထိရောက်စွာလုပ်ဆောင်နိုင်ရန် လုပ်ဆောင်ရမည့်တာဝန်များ၊ ရရှိလာမည့်အခွင့်အရေးများကိုလည်း ကောင်းစွာအထောက်အပံ့ပေးရမည်

ဖြစ်သည်။ ထို့ကြောင့် လုပ်ကိုင်မည့်လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းစွာဖော်ပြထားဖို့လိုအပ်ပြီး၊ စီမံအုပ်ချုပ်မှုများအတိုင်းလိုက်နာရန်အတွက် incentives ပေးရန်လည်းထည့်သွင်းတွက်ချက်ထားရမည်ဖြစ်သည်။ စာချုပ်ပါအချက်များအရ အရေးကြီးသောအချက်များကို အောက်တွင်ဖော်ပြထားပါသည်။

အဆင့်(၁) နယ်နိမိတ်သက်မှတ်ခြင်း

အဆင့်(၂) လုပ်ကိုင်စေမည့်ဧရိယာအားမြေပုံထုတ်ခြင်း

အဆင့်(၃) ဧရိယာအတွင်းဝင်ရောက်နိုင်မည့်လမ်းများအားထိန်းချုပ်ခြင်း

အဆင့်(၄) သစ်တောသယံဇာတစာရင်းကောက်ယူခြင်း

အဆင့်(၅) သစ်တောစီမံအုပ်ချုပ်မှုနှင့်ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှု plans များဖွံ့ဖြိုးလာစေခြင်း

အဆင့်(၆) ဧရိယာသို့ဝင်ရောက်နိုင်မည့် လမ်းကြောင်း ရွေးချယ်ရာတွင် အုပ်ချုပ်သူများနှင့် ပူးပေါင်းရွေးချယ်ရန်

အဆင့်(၇) သစ်တောထွက်ပစ္စည်းအသုံးချမှုစီမံချက်ရေးဆွဲရန်

အဆင့်(၈) လူမှုစီးပွားရေး ဖွံ့ဖြိုးမှုပြစီမံချက်များရေးဆွဲရန်

အဆင့်(၉) ဧရိယာအတွင်း နှစ်စဉ်ဆောင်ရွက်မည့် လုပ်ငန်းများ စီမံချက်ရေးဆွဲရန်တို့ ဖြစ်ပါသည်။

**Concessions လုပ်ငန်းများအား အနီးကပ် ကြီးကြပ်စစ်ဆေးခြင်း**

Concessions လုပ်ငန်းများအတွက် အနီးကပ် ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းသည် အလွန်ပင်အရေးကြီးပါသည်။ သို့မှသာ အနှောက်အယှက်အဟန့်အတားများ လျော့နည်းကာ လုပ်ငန်းပြီးပြည့်စုံမည်ဖြစ်ပြီး လိုချင်သည့် ထာဝစဉ်တည်တံ့သောသစ်တောစီမံအုပ်ချုပ်မှုကို ရရှိမည်ဖြစ်သည်။ ပုံမှန်ကြီးကြပ်စစ်ဆေးမှုတစ်ခုကို ဆောင်ရွက်ပါကလည်း လက်တွေ့အားဖြင့်၎င်းလုပ်ငန်း၏ အဓိကကျသောလုပ်ငန်းများကိုစစ်ဆေးရန်၊ ဥပမာအားဖြင့် အပူပိုင်းသစ်တောများ၏ ထာဝစဉ်တည့်တံ့သောစီမံအုပ်ချုပ်မှုကိုရရှိရန်အတွက် သစ်ထုတ်ရာမှ ထွက်ပေါ်လာမည့် ပျက်ဆီးဆုံးရှုံးမှုများကို လျှော့ချမည်ဆိုပါက သစ်ထုတ်လုပ်မည့်လုပ်ငန်းများကို ထိန်းချုပ်ရမည် ဖြစ်ကြောင်း ရှင်းလင်းထားပါသည်။

**သစ်ထုတ်ခွင့်လိုင်စင်များကို ပြန်လည်သုံးသပ်ပြီး သက်တမ်းတိုးချထားပေးခြင်း**

ရေရှည်အတွက်ကြည့်မည်ဆိုပါက ခွင့်ပြုခွင့်စာချုပ်များကို တည့်တံ့ခိုင်မြဲအောင် မက်လုံးပေးဆောင်ရွက်ရန် လုံလောက်မည်မဟုတ်ပါ။ ခေတ်အခါအလိုက်ပြောင်းလဲလာသော အခြေအနေများကို ထည့်သွင်းတွက်ချက်မှုမရှိပါက စီမံကိန်းပျက်ဆီးပြီး သစ်တောမြေများအား စွန့်ပစ်ရမည့် အခြေအနေသို့ပင် ရောက်ရှိသွားနိုင်ပါသည်။ ထို့ကြောင့် အဆိုပြုတင်သွင်းထားသည့် ကျေနပ်ဖွယ်ရာလုပ်ငန်းသုံးသပ်ချက်များ၊ ထပ်မံဖြည့်ဆည်းထားသော ကန့်သတ်ချက်အသစ်များပါဝင်သည့်

ခွင့်ပြုခွင့်စာချုပ်များရေးဆွဲမှသာလျှင် ပိုမိုကောင်းမွန်သည့် ထာဝစဉ်တည်တံ့သောသစ်တော စီမံအုပ်ချုပ်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။ Concession ကာလကိုလည်း ၁၀ နှစ်၊ ၁၂နှစ်တို့ကဲ့သို့ ကာလတိုများသာဖြစ်သင့်ပါသည်။ ၎င်းကာလတိုအတွင်း၌လည်း ကြားဖြတ်သုံးသပ်ချက်များ ပြုလုပ်ရပါမည်။ ဘက်လိုက်မှုမရှိသော လွတ်လပ်သည့်သုံးသပ်ချက်များရနိုင်ရန် လုပ်ဆောင်ချက်များကို အကဲဖြတ်ရာတွင်တခြားသောသစ်တောအဖွဲ့အစည်းများ၊ ပြင်ပဆွေးနွေးအတိုင်ပင်ခံများနှင့် ပူးပေါင်းဆောင်ရွက် ရမည်ဖြစ်ပါသည်။ ဤသို့အကဲဖြတ်ရာတွင်လည်း စာချုပ်ပါအချက်များနှင့် ကိုက်ညီပါက ခွင့်ပြုကာလကို ၁၀နှစ်အထိတိုးမြင့်နိုင်မည်ဖြစ်ပါသည်။ ကန်ထရိုက်အနေဖြင့်လည်း သတ်မှတ်ထားသောဘောင်အတွင်းမှနေ၍ ခွင့်ပြုဧရိယာများ၊ နယ်နမိတ်များအပြောင်းအလဲ ရှိနိုင်မှုအပေါ်တွင် ပြောင်းလဲမည့်အခြေအနေကို ဆွေးနွေးညှိနှိုင်းခွင့်ပြုရမည်ဖြစ်သည်။ ထို့အတူ လုပ်ထုံးလုပ်နည်းများအပြောင်းအလဲရှိမှုကိုလည်း ထပ်မံဆွေးနွေးရမည်ဖြစ်ပါသည်။

# အပိုင်း(၂)

## အခန်း(၅)
## သစ်တောအခွန်နှင့် တန်ဖိုးဖြတ်ခြင်းဆိုင်ရာ မူဝါဒများ
### သစ်တောတန်ဖိုးများဖွဲ့စည်းပုံ

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သစ်တောအခွန်များကောက်ယူရာတွင် သစ်နှင့်သစ်တောများ၏ အမှန်တန်ဖိုးထက်နည်းပါးပါသည်။ ထို့အပြင် နည်းလမ်းမှန်ကန်စွာ ကောက်ယူနိုင်ခြင်းမရှိသည်ကိုလည်း တွေ့ရပါသည်။ ပင်ထောင်တန်ဖိုးများ၊ အခွန်တော်များ၊ ပြည်ပပို့ခွန်များနှင့် အခြားသစ်တောထွက်ပစ္စည်း အခြေခံအခွန်အခများသည် ဖွံ့ဖြိုးဆဲနိုင်ငံအများစုအတွက် အဓိကသစ်တောအခွန်အခဝင်ငွေများဖြစ်ပြီး ရရှိသည့်ပမာဏမှာ နည်းပါးရုံသာမက ကောက်ခံမှု၊ စီမံအုပ်ချုပ်လုပ်ကိုင်မှုများတွင်လည်း အခက်အခဲများရှိကြပါသည်။ အခွန်ရှောင်မှု၊ အလွဲသုံးစားလုပ်မှု၊ လာဘ်ပေးလာဘ်ယူပြုလုပ်မှု၊ အပိုဆောင်းပေးရမှုနှင့် တရားမဝင်သစ်ခုတ်မှုများသည်လည်း အနည်းနှင့်အများ ရင်ဆိုင်ကြရလျက်ရှိပါသည်။ သစ်တောများကိုထိထိရောက်ရောက် စနစ်တကျခုတ်လှဲရန်နှင့် သုံးစွဲရန်အတွက် ပညာပေးမှု၊ မက်လုံးပေးမှုတို့မှာလည်း အနည်းငယ်သာရှိပါသည်။ ထို့အပြင် သစ်တောအခွန်အခကောက်ခံမှုပုံစံမှာ သင့်လျော်မှုမရှိသည့်၊ မမှန်ကန်သည့်ဖွဲ့စည်းပုံဖြင့် ဆောင်ရွက်လျက်ရှိသည်ကို မကြာခဏတွေ့ကြရပါသည်။

### သင့်လျော်သော သစ်တောတန်ဖိုးဖြတ်ခြင်းမူဝါဒများ

သစ်တောအခွန်အခများကောက်ယူခြင်းနှင့် တရားဥပဒေသက်ရောက်မှုပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ခြင်းဖြင့် သစ်တောအခွန်အခဆိုင်ရာ ပြဿနာများကိုဖြေရှင်းနိုင်ပြီး သစ်၊ သစ်ခုတ်ခွင့်ပါမစ်နှင့် အခြားသစ်တောအခွန်အခများအတွက် တန်ဖိုးဖြတ်ခြင်း မူဝါဒများကို ပိုမိုထိရောက်စေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သစ်တောတန်ဖိုးမူဝါဒများချမှတ်ရာတွင် သစ်၏အစစ်အမှန်တန်ဖိုးသာမက အနာဂတ်တန်ဖိုး(opportunity cost)၊ ဈေးကွက်တန်ဖိုးနှင့် ဈေးကွက်မဝင်သော တန်ဖိုးများကို ထင်ဟပ်စေနိုင်သည့် သစ်တောတန်ဖိုများမူဝါဒများဖြစ်ရန် လိုအပ်ပါသည်။ သစ်ထုတ်ယူခွင့်ပါမစ်များကို တန်ဖိုးနည်းနည်းဖြင့် ခွင့်ပြုပေးလျှင် အကျိုးအမြတ်များစွာရရှိနိုင်မည့် အလားအလာကောင်းများရှိနိုင်ပါသည်။ အဆိုပါ အကျိုးအမြတ်များစွာရရှိနိုင်မည့် အလားအလာကောင်းများကို မျှော်ကိုး၍ အလေအလွင့်ဖြစ်ခြင်း၊ အပျက်အစီးများခြင်း၊ လာဘ်ပေးလာဘ်ယူများဖြစ်ပေါ်ခြင်း၊ ပါမစ်သက်တမ်းတိုးချဲ့ခြင်း၊ ပါမစ်ရယူလိုမှုများ များပြားလာခြင်းစသည့် ကိစ္စရပ်များပေါ်ပေါက်လာပြီး သစ်တောပြုန်းတီးခြင်းကို ပိုမိုတိုးပွါးစေမည်ဖြစ်ပါသည်။

ထို့ကြောင့် ဧရိယာကိုအခြေပြု၍ သစ်တောအခွန်အခကောက်ယူမှုပုံစံကို ပိုမိုသုံးစွဲလာကြပါသည်။ ဧရိယာအခြေပြု သစ်တောအခွန်ကောက်ယူမှုပုံစံသည် စီမံအုပ်ချုပ်မှုပိုမိုလွယ်ကူ၍ အလွဲသုံးစားပြုလုပ်မှုများကိုလည်း ရှောင်ရှားနိုင်ပါသည်။ သို့သော် ဧရိယာအခြေပြု သစ်တောအခွန်ကောက်ယူမှုတွင်လည်း အခွန်တော်ရရှိမှုနည်းပါးနိုင်ပါသည်။ သစ်တောထုတ်ယူခွင့်ပါမစ်ကို ဈေးသက်သာစေသောကြောင့် သစ်ထုတ်လုပ်မှုများတိုးပွားလာပြီး သစ်တောပြုန်းတီးခြင်းများ

နေရာအနှံ့တိုးပွားလာစေနိုင်ပါသည်။ ထို့ကြောင့်သစ်တောများ၏ အစစ်အမှန်တန်ဖိုးကို ကိုယ်စားပြုသည့် သစ်ထုတ်ခွင့်ပါမစ်တန်ဖိုး မှန်ကန်စွာသတ်မှတ်ပေးနိုင်ခြင်းဖြင့် သစ်များကို ပိုမိုကောင်းမွန်ထိရောက်အောင်သုံးစွဲပြီး သစ်ထုတ်ခွင့်ပါမစ်များကိုလည်း မှန်ကန်သောစီမံအုပ်ချုပ်မှုပုံစံဖြင့် ချထားပေးနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် သစ်တောအခွန်တော်စနစ်များတွင် သစ်နှင့်သစ်ထုတ်ခွင့်ပါမစ်တန်ဖိုး၏ အနည်းဆုံးပမာဏကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ နိုင်ငံအနည်းငယ်သာအဆိုပါ ကိစ္စကို ထည့်သွင်း စဉ်းစားသည်ကို တွေ့ရှိရပါသည်။

အနည်းဆုံးသစ်တောတန်ဖိုးကို တွက်ချက်ရာတွင် ပတ်ဝန်းကျင်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၏တန်ဖိုး၊ သစ်၏အနာဂတ်မျှော်မှန်းတန်ဖိုးများကိုပါ ထည့်သွင်းတွက်ချက်သင့်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် သစ်တောစီမံအုပ်ချုပ်မှုစနစ်ကို တိုးတက်စေပြီး စီမံခန့်ခွဲရေးစနစ်ကို ပိုမိုကောင်းမွန်စေနိုင်ပါသည်။ သင့်လျော်ကောင်းမွန်သည့် သစ်တောတန်ဖိုး ဖြတ်ခြင်းမူဝါဒများသည် အပူပိုင်းသစ်တောများ၏ ဇီဝနှင့်စီးပွားရေးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြု၍ သစ်အလွန်အကျွံထုတ်ယူခြင်းကို တားဆီးနိုင်မည် ဖြစ်ပါသည်။

သစ်တောတန်ဖိုးမြှင့်တင်ခြင်းသည် စဉ်ဆက်မပြတ်သစ်တောစီမံအုပ်ချုပ်မှုကို ရေရှည်အထောက်အပံ့ပေးနိုင်မည့် ရန်ပုံငွေကြေးများရရှိနိုင်မည်ဖြစ်ပါသည်။ သစ်တောတန်ဖိုးမြှင့်တင်ခြင်းနှင့် အခွန်နှုန်းထားတိုးမြှင့်ခြင်းသည် သစ်တောများထိန်းသိမ်းကာကွယ်ခြင်းနှင့် မျိုးဆက်ခြင်း လုပ်ငန်းများအတွက် ရန်ပုံငွေပိုမိုထောက်ပံ့ပေးနိုင်မည်ဖြစ်ပြီး သစ်တောစီမံအုပ်ချုပ်ခြင်းနှင့် အခွန်တော်ကောက်ခံခြင်းစနစ်ကို ပိုမိုကျစ်လစ်ခိုင်မာစေရန် အထောက်အပံ့ပြုပေးနိုင်မည် ဖြစ်ပါသည်။

နောက်ဆုံးတွင် အပူပိုင်းသစ်တောများ ပိုမိုတန်ဖိုးကြီးလာသည်နှင့်အမျှ သစ်တောအခွန်တော်ငွေများပိုမိုရရှိလာပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်လာကြမည် ဖြစ်ပါသည်။ ငွေကြေးအကျိုးအမြတ်ရရှိနိုင်သည့် စဉ်ဆက်မပြတ်အုပ်ချုပ်လုပ်ကိုင်မှုအောက်မှ သစ်တောများသည် ဘဏ္ဍာရေးနှင့် နိုင်ငံရေးအတွက် အဖိုးတန်လှသော သဘာဝသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများ အဖြစ်ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

**သစ်တောတန်ဖိုးတွက်ချက်မှုအခြေခံ**

**သစ်တန်ဖိုးနှင့် သစ်ထုတ်ခွင့်များ**

**သစ်တန်ဖိုးများ**

Stumpage value ဆိုသည်မှာ ပင်ထောင်အတိုင်းရှိနေသည့် ဈေးကွက်ဝင်သစ်တောထွက်ပစ္စည်းများ (သစ်လုံး၊ သစ်ခွဲသား၊ အထပ်သား၊ ပျော့ဖတ်၊ ထင်း၊ တိုင်)၏ တန်ဖိုးကိုခေါ်ပါသည်။ အဆိုပါ တန်ဖိုးများသည် ဝယ်သူများက ဆန္ဒအလျောက်ပေးဝယ်သော တန်ဖိုးဖြစ်ပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသော ပေါက်ဈေးများလည်းဖြစ်ပါသည်။

Stumpage value များသည် ထုတ်လုပ်လိုက်သော သစ်နှင့်သစ်တောထွက်ပစ္စည်းများ၏ ဈေးကွက်တန်ဖိုးပေါ်တွင် မူတည်ပါသည်။ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် သစ်လုံးဈေးကွက်ရှိသော နေရာများတွင် သစ်၏ Stumpage value မှာ သစ်ထုတ်စရိတ်နှင့်သယ်ယူပို့ဆောင်စရိတ်များကို နှုတ်ထားပြီး ဖြစ်သောသစ်လုံး၏ တန်ဖိုးကိုဆိုလိုပါသည်။

ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမရှိသောနေရာများတွင် Stumpage value တွက်ချက်ရာ၌ သစ်ထုတ်စရိတ်၊ သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်နှင့် သစ်ချောထည်ထုတ်လုပ်မှု ကုန်ကျစရိတ်တို့ကို နှုတ်ထားပြီးဖြစ်သော သစ်တောထွက်ပစ္စည်းအချောထည်များ၏တန်ဖိုးမှ တွက်ချက်ကြရပါသည်။

အဆိုပါ တွက်ချက်မှုပုံစံများဖြင့်ရရှိလာသော Stumpage value များသည် သစ်၏ အစစ်အမှန်တန်ဖိုးကို ထင်ဟပ်စေနိုင်ပါသည်။ Stumpage valueများကို သစ်တောပိုင်ရှင်များ၊ အစုအဖွဲ့များမှ ပေးဆောင်သောအခွန်တော်ငွေများ (သို့မဟုတ်) သစ်တောစက်မှုလုပ်ငန်းများမှ ပေးဆောင်သော အခွန်တော်ငွေများမှဖြင့်လည်း တိုးပွါးနိုင်ပါသည်။

**သစ်ထုတ်ခွင့်တန်ဖိုး**

သစ်ထုတ်ခွင့်နှင့်အခြားသစ်တောပိုင်ဆိုင်ခွင့်များတွင် ပင်ထောင်အတိုင်းရှိနေသော သစ်၏ Stumpage value ထက်ပိုသော အခြားတန်ဖိုးများလည်းရှိနေပါသည်။ သစ်ထုတ်ခွင်နှင့် အခြား သစ်တောပိုင်ဆိုင်ခွင့်ရရှိသူများသည် သစ်လုံလောက်စွာရရှိစေရေးအတွက် သစ်ထုတ်ခွင့်ရရှိသူများကို အာမခံချက်များပေးရပါသည်။ ထို့ကြောင့် သစ်ပိုင်ဆိုင်ခွင့်နှင့် သစ်ထုတ်ခွင့်တို့သည် ပူးပေါင်းဆောင်ရွက်သော ပိုင်ဆိုင်မှုများဖြစ်လာပြီး ကုမ္ပဏီ၏အစိတ်အပိုင်းများအဖြစ် ရောင်းဝယ်ခြင်း၊ ကုန်သွယ်မှုပြုခြင်းတို့ကို ဆောင်ရွက်လာကြပါသည်။

သစ်ထုတ်ခွင့်တန်ဖိုးကို သီးခြားသစ်ထုတ်ခွင့်ကုန်ကျစရိတ်များကို အခြေခံ၍ တွက်ချက်နိုင်ပါသည်။ သီးခြားသစ်ထုတ်ခွင့်ကုန်ကျစရိတ်ဆိုသည်မှာ သစ်ထုတ်စရိတ်အနေဖြင့် ထပ်မံကုန်ကျသည့် နှစ်စဉ်ဧရိယာအခြေပြုပေးဆောင်ရငွေ၊ ဂုဏ်ပြုထပ်ဆောင်းငွေ၊ မူရင်းသစ်ထုတ်ခွင့် ကုန်ကျစရိတ်များ ပါဝင်ပါသည်။

သစ်ထုတ်ခွင့်အတွက်ပေးချေရငွေ၊ ကုန်ကျစရိတ်များသည် သစ်တောစီမံအုပ်ချုပ်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကောင်းကျိုးအမျိုးမျိုးကို ရရှိစေနိုင်ပါသည်။

**အခန်း(၆)**

## အပူပိုင်းသစ်တောများတွင် သစ်တောအခွန်တော်နှင့် တန်ဖိုးသတ်မှတ်ခြင်း

ယခုဆွေးနွေးမည့်အခန်းသည် သစ်တောအခွန်တော်ကောက်ယူသည့် အာဖရိကအလယ်ပိုင်းနှင့်အနောက်ပိုင်း၊ အရှေ့တောင်အာရှနိုင်ငံများအပါအဝင် အပူပိုင်းသစ်များထုတ်လုပ်သည့် အဓိကနိုင်ငံများ၏ အတွေ့အကြုံကို ရွေးချယ်ဖော်ပြပါမည်။

*အနောက်နှင့်အလယ်အာဖရိကတို့တွင် သစ်တောအခွန်တော်ကောက်ခံမှုများ*

၁၉၉၁ ခုနှစ်တွင် လေ့လာမှုများအရ အနောက်နှင့်အလယ်ပိုင်းအာဖရိကနိုင်ငံများတွင် သစ်တောအခွန်တော်ကောက်ခံမှုစနစ်များမှရရှိသော အခွန်တော်ငွေသည် အလွန်နည်းပါးကြောင်း တွေ့ရှိရပါသည်။ အဓိကအကြောင်းရင်းမှာ သစ်တောတန်ဖိုးနှုန်းထားများ နည်းပါးခြင်းနှင့် အခွန်တော်ကောက်ခံမှုအားနည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

၁၉၉၁ ခုနှစ်တွင် ကင်မရွန်းနိုင်ငံတွင် သစ်တောအခွန်တော်ငွေစုစုပေါင်းမှာ သစ်လုံးတန်ဖိုး၏ (၂) ရာခိုင်နှုန်းမှ (၄) ရာခိုင်နှုန်းအတွင်းသာရှိခဲ့ပြီး သစ်၏ခန့်မှန်း Stumpage value ထက်များစွာ နည်းပါးလျက်ရှိသည်ကို တွေ့ရပါသည်။

ကမ္ဘာ့ဘဏ်၏လေ့လာမှုအရ ၁၉၈၉ ခုနှစ်တွင် ဂူနီးယား(Guinea) နိုင်ငံတွင် သစ်တောတန်ဖိုးများမှာ သစ်ခွဲသားများဒေသပေါက်ဈေး၏ (၁) ရာခိုင်နှုန်းသာရှိသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။ အလားတူ ၁၉၉၀ ခုနှစ် ကမ္ဘာ့ဘဏ်၏လေ့လာမှုအရ အိုင်ဗရီကိုစ့်နိုင်ငံတွင် သစ်တောတန်ဖိုးများသည် သစ်လုံး၏FOB(freight-on-board) တန်ဖိုး၏ (၀.၅) ရာခိုင်နှုန်းခန့်သာ ရှိသည်ကိုတွေ့ရှိရပါသည်။

ဂါနာနိုင်ငံတွင် ၁၉၈၈ ခုနှစ်တွင်ရရှိခဲ့သော စုစုပေါင်းသစ်တောအခွန်တော်သည် သစ်အချောထည်လုပ်ငန်းသို့ပေးပို့ခဲ့သော သစ်လုံးများတန်ဖိုး၏ (၀.၅) ရာခိုင်နှုန်းသာ ရှိသည်ကို တွေ့ရပါသည်။ သစ်တောအခွန်တော်များကောက်ယူရရှိမှုသည် အမှန်တကယ်ရရှိသင့်သည်ထက် ၆ ပုံ ၁ ပုံခန့်သာရရှိခဲ့ပါသည်။ ဂါနာနိုင်ငံတွင် သစ်တောအခွန်တော်နှုန်းများကို မကြာခဏ တိုးမြှင့်လျက်ရှိရာ ယခုအချိန်အထိ ရရှိမှုမှာ ခုတ်ယူခဲ့သောသစ်များ၏ Stumpage value ၏ (၄) ရာခိုင်နှုန်းမှ (၅) ရာခိုင်နှုန်းသာရှိပါသည်။ သစ်တောအခွန်တော်များသည် သစ်တောစီမံအုပ်ချုပ်မှုကုန်ကျစရိတ်များ၏ ၅၀ ရာခိုင်နှုန်းခန့်သာရှိသောကြောင့် သစ်တောစီမံအုပ်ချုပ်မှုတွင် ငွေကြေးစဉ်ဆက်မပြတ်ရရှိနိုင်ရန် မဖြစ်နိုင်ချေ။

အစောပိုင်းကာလများတွင် ဂါနာနိုင်ငံ၌ Stumpage value များသည် သစ်လုံးတန်ဖိုး၏ (၂၆) ရာခိုင်နှုန်းရှိခဲ့ပါသည်။ သစ်တောအခွန်တော်ငွေသည် Stumpage value ၏(၃၈) ရာခိုင်နှုန်းရှိခဲ့ပြီး သစ်လုံးတန်ဖိုး၏(၁၀) ရာခိုင်နှုန်းရှိပါသည်။ ထို့ကြောင့် သစ်တောစက်မှုလုပ်ငန်းများသည် Stumpage value များ၏ (၆၂) ရာခိုင်နှုန်းကို အကျိုးအမြတ်အဖြစ်ရရှိခဲ့ပါသည်။ ၁၉၇၀နှင့်၁၉၈၀ ခုနှစ်များ အကြားတွင် သစ်တောအခွန်တော်ကောက်ခံရရှိမှု ကျဆင်းခဲ့ပြီး သစ်လုံးတန်ဖိုး၏ (၁၀)

ရာခိုင်နှုန်းမှ(၅) ရာခိုင်နှုန်းအထိ လျော့နည်းခဲ့ပါသည်။ အကြောင်းအရင်းများမှာ ဥပဒေစိုးမိုးမှု နည်းပါးခြင်း၊ ရန်ပုံငွေကြေးနည်းပါးခြင်း၊ တောတွင်းလက်တွေ့ကွင်းဆင်းစစ်ဆေးမှုမရှိခြင်း၊ ဝန်ထမ်းအင်အားနည်းခြင်း၊ သစ်ထုတ်လုပ်မှုစာရင်းလျော့၍ အစီရင်ခံတင်ပြခြင်း၊ လာဘ်ပေး လာဘ်ယူပြုလုပ်ခြင်း စသည်တို့ကြောင့်ဖြစ်ပါသည်။

ကင်မရွန်းနိုင်ငံတွင် သစ်တောဥပဒေ(၁၉၉၄)ဖြင့် သစ်တောအခွန်တော်ကြေးတိုးမြှင့်ခဲ့ ပါသည်။ ၁၉၉၀ ခုနှစ်တွင် ၂ ဆခွဲမြှင့်တင်ခဲ့ပြီး ဖရန့်ငွေ ၁၀ ဘီလီယံရရှိခဲ့ရာမှ ၁၉၉၇ ခုနှစ်တွင် ၂၄ ဘီလီယံ တိုးမြှင့်ရရှိခဲ့ပါသည်။ သို့သော် သစ်ထုတ်လုပ်မှုမှာလည်း ကုဗမီတာ ၂ သန်းမှ ၃ သန်းအထိ တိုးမြှင့်လာသောကြောင့် သစ်တောအခွန်တော်တိုးမြှင့်မှုမှာ ၈၀ ရာခိုင်နှုန်းခန့်သာ အကျိုးသက် ရောက်မှုရှိခဲ့ပါသည်။ သစ်တောအခွန်တော်ငွေသည် အစိုးရအခွန်တော်ငွေများ၏ ၃.၃ ရာခိုင်နှုန်းရှိပြီး သစ်တောကဏ္ဍသည် ငွေကြေးစီးပွားရေး၏ ၈.၉ ရာခိုင်နှုန်း ပံ့ပိုးပေးနိုင်ခဲ့ပါသည်။

**အရှေ့တောင်အာရှသစ်တောအခွန်တော်များ**

မလေးရှားနိုင်ငံ ဆဘတ်(Sabah) ပြည်နယ်မှအပ အရှေ့တောင်အာရှနိုင်ငံအများစုတွင် Stumpage value ၏ ရာခိုင်နှုန်းအနည်းငယ်ကိုသာ သစ်တောအခွန်တော်အဖြစ် ကောက်ခံရရှိ ပါသည်။

**မလေးရှားနိုင်ငံသစ်တောအခွန်တော်များ**

မလေးရှားနိုင်ငံ ဆဘတ်ပြည်နယ်၏ သစ်တောအခွန်တော်စနစ်သည် အခြားပြည်နယ် များထက် ပိုမိုထိရောက်မှုရှိပါသည်။ မကြာသေးမီအချိန်ထိ ဆဘတ်ပြည်နယ်၏အခွန်တော်ငွေကို ပြည်ပပို့ပျမ်းမျှ သစ်လုံးဈေးနှုန်းအပေါ်တွင် အခြေခံတွက်ချက်ပါသည်။ ထိုသို့တွက်ရာတွင် သစ်ထုတ်စရိတ်နှင့် ရင်းနှီးမြှုပ်နှံမှုကိုကာမိစေရန် စက်ရုံလည်ပတ်မှု ကုန်ကျစရိတ်များပါ ထည့်သွင်း ပေါင်းစပ်ထားပါသည်။ အခွန်တော်ကောက်ခံမှုကို သစ်လုံးအတန်းအစား ၁၀ ခုခွဲခြား၍ သတ်မှတ် ထားပြီး ၃ လ တစ်ကြိမ် ပြန်လည်တွက်ချက်ပါသည်။ ၁၉၇၉ ခုနှစ်အတွင်း ဆဘတ်ပြည်နယ်၏ သစ်တောအခွန် တော်ငွေကောက်ခံရရှိမှုသည် သစ် Stumpage value ၏ ၇၈ ရာခိုင်နှုန်းရှိပါသည်။ ၁၉၆၆ မှ ၁၉၈၅ ခုနှစ်အတွင်းလည်း stumpage value ၄၂ - ၆၀ ရာခိုင်နှုန်းအကြား ကောက်ယူ ရရှိခဲ့သည်ဟု ခန့်မှန်းတွက်ချက်ခဲ့သည်။ Sabah သည် အခြား အရှေ့တောင်အာရှနိုင်ငံများထက် အချိုးပမာဏအားဖြင့် stumpage value ပိုမိုကောက်ခံ ရရှိနေဆဲ ဖြစ်ပါသည်။

မလေးရှားနိုင်ငံ၊ Sarawak and Peninsular ပြည်နယ်များ၏ သစ်တောအခွန်အခ ကောက်ယူသည့်ပုံစံများသည် Sabah ထက် ပိုမိုထိရောက်ကောင်းမွန်မှုနည်းသည်ကို တွေ့ရှိခဲ့သည်။ ၁၉၈၀ခုနှစ်တွင် သစ်အမျိုးအစားတစ်ခုတည်းအတွက် Sarawak၏ သစ်တောအခွန်အခကောက်ခံ ရရှိမှု သည် Sabah ၏ (၃) ပုံ (၁) ပုံသာရရှိခဲ့သည်ကို တွေ့ရှိခဲ့သည်။ ၁၉၆၆နှင့် ၁၉၈၅ခုနှစ် အတွင်း Sarawak သည် stumpage value (၁၆) ရာခိုင်နှုန်းမှ (၃၀) ရာခိုင်နှုန်းနှင့် peninsular သည် (၁၈) ရာခိုင်နှုန်းမှ (၄၂) ရာခိုင်နှုန်း ကောက်ယူရရှိခဲ့သည်ဟု ခန့်မှန်းတွက်ချက်ခဲ့သည်။

Timber royalties and forest fees များအပြင် Peninsular ပြည်နယ်သည် ရေတို သစ်တောခွင့်ပြုချက်များဖြင့် သစ်များကိုလေလံပစ်သည်။ အဆိုပါလေလံများသည် ဥပဒေ ပြဌာန်း ထားသည့် သစ်တောဝန်ဆောင်ခများ၏ ၅ - ၆ ဆခန့်ရရှိစေခဲ့ပြီး (၁) ဟက်တာလျှင် အမေရိကန် ဒေါ်လာ( ၁၆၀၀၀) အထိ ရရှိစေခဲ့သည်။

**အင်ဒိုနီးရှားနိုင်ငံသစ်တောအခွန်တော်များ**

မကြာသေးမီအချိန်အတွင်း အင်ဒိုနီးရှားနိုင်ငံသည် ၎င်းတို့နိုင်ငံ၏ သစ်တောအခွန်အခ ကောက်ယူသည့်ပုံစံကို တိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်ခဲ့သည်။ အတိတ်ကာလအချိန် များတွင် အင်ဒိုနီးရှားနိုင်ငံ၏ သစ်တောအခွန်အခကောက်ယူသည့်ပုံစံသည် stumpage value လုံလောက်စွာ ကောက်ယူနိုင်ခဲ့ခြင်းမရှိခဲ့သည့်အတွက် ပြင်းထန်စွာဝေဖန်ခံခဲ့ရသည်။ ထို့ကြောင့် သစ်တောအခွန်ငွေ ကောက်ခံမှုပုံစံများကို ၁၉၈၀ ခုနှစ်ဝန်းကျင်နှောင်းပိုင်းနှင့် ၁၉၉၀ ခုနှစ် ဝန်းကျင်တွင် စတင်ပြောင်းလဲခဲ့သည်။ သစ်တောအခွန်ငွေကောက်ခံမှုသည် ၁၉၈၀ မှ ၁၉၈၈ခုနှစ် အထိ ပြောင်းလဲမှုမရှိဘဲ ရှိနေသည်။ ၁၉၈၉ခုနှစ်တွင် US$3.00 per cubic meter (၃၅) ရာခိုင် နှုန်းနှင့် ၁၉၉၀ခုနှစ်တွင် US$3.00 per cubic meter (၂၅) ရာခိုင်နှုန်းကောက်ခံရရှိခဲ့သည်။ ၁၉၉၃ခုနှစ်တွင် အင်ဒိုနီးရှားအစိုးရသည် သစ်တောအခွန်ကောက်ခံသည့်ပုံစံတစ်ရပ်ကို စတင်ကျင့် သုံးခဲ့ပါသည်။ နိုင်ငံတွင်းဒေသများနှင့် ၎င်းဒေသရှိမျိုးစိတ်များအတွက် stumpage အခွန်ငွေကို (၄၀) ရာခိုင်နှုန်းမှ (၆၀) ရာခိုင်နှုန်းထိ တိုးမြှင့်ကောက်ခံခဲ့ပါသည်။ ၁၉၉၇ခုနှစ် စီးပွားရေး ပျက်ကပ်ကျရောက်ပြီးနောက် International Monetary Fund ၏ ထောက်ပံ့မှုဖြင့် နိုင်ငံ၏ သစ်တောမူဝါဒများ တဖြေးဖြေး စတင်ပြောင်းလဲလာပါသည်။ ၁၉၉၉ခုနှစ်အစောပိုင်းတွင်လည်း သစ်ထုတ်လုပ်ခွင့် နည်းဥပဒေကိုလည်း စတင်အကောင်အထည်ဖော်ခဲ့သည့်အတွက် သစ်တော အခွန်အခကောက်ခံရရှိမှု တိုးတက်များပြားလာခဲ့ပါသည်။

**ကမ္ဘောဒီးယားနိုင်ငံသစ်တောအခွန်တော်များ**

၁၉၉၇ခုနှစ်တွင် တရားဝင်ထုတ်လုပ်သော သစ် ကုဗမီတာ ၀.၄၅ သန်းမှ ကမ္ဘောဒီးယား အစိုးရအတွက် သစ်တောအခွန်ငွေ အမေရိကန်ဒေါ်လာ (၁၂.၄) သန်းရရှိခဲ့ပါသည်။ သို့သော် တရားမဝင်သစ်ထုတ်ခြင်းမှ သစ်ကုဗမီတာ ၄ သန်းခန့်အတွက် အစိုးရသည် သစ်တောအခွန်ငွေများ ရရှိရန် ဆုံးရှုံးနစ်နာခဲ့ပါသည်။ ထို့ကြောင့် သစ်တောယိုယွင်းပျက်စီးစေသော သစ်ထုတ်သည့် နည်းလမ်းများကို ထိန်းချုပ်နိုင်ခြင်းမရှိလျှင် အစဉ်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်မှုသည် မဖြစ်နိုင်ဘဲ ကမ္ဘောဒီးယားနိုင်ငံ၏ သစ်တောများဆုံးရှုံးသွားလိမ့်မည်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ သစ်တောအခွန်အခကောက်ခံသည့်စနစ်သည် ရှုပ်ထွေးပါသည်။ သစ်တောအခွန်တော်များသည် အဓိကသစ်တောအခွန်ကောက်ခံရရှိမှုများဖြစ်သည်။ အခွန်တော်များ သည်လည်း သစ်မျိုးစိတ်အတန်းအစားအလိုက် ကွဲပြားပါသည်။ ထို့အပြင် သစ်ထုတ်ယူသုံးစွဲခွင့်နှင့် ပတ်သက်သည့် အခွန်ကောက်ခံမှုများကို ၁၉၉၄ ခုနှစ်မှ စတင်ဆွေးနွေးညှိနှိုင်းလာခဲ့ပါသည်။ ၁၉၉၅

မှ ၁၉၉၉ ခုနှစ်အတွင်း သစ်လုံးများအပေါ်ကောက်ခံရရှိခဲ့သည့် အခွန်တော်များသည် သစ်အတန်းအစား (၁)အတွက် (၁) ကုဗမီတာလျှင် အမေရိကန်ဒေါ်လာ ၄၃.၅ဒေါ်လာမှ အတန်းအစား(၄) အတွက် (၁) ကုဗမီတာလျှင် အမေရိကန်ဒေါ်လာ ၁၄.၅ ဒေါ်လာရှိခဲ့သည်။ ပြည်ပသို့သစ်လုံးများပို့မှုကို ပိတ်ပင်ထားသော်လည်း ပြည်ပပို့သစ်လုံးများအပေါ်ကောက်ခံသည့် အခွန်တော်နှုန်းများသည် (၅၀) ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါသည်။

သစ်ခွဲသားအပေါ်ကောက်ခံသည့်အခွန်တော်များသည် သစ်အတန်းအစား (၁) အတွက်ဆိုလျှင် (၁) ကုဗမီတာလျှင် အမေရိကန်ဒေါ်လာ (၆၃.၇)မှ အတန်းအစား(၄) အတွက်ဆိုလျှင် အမေရိကန်ဒေါ်လာ (၂၁.၂) အထိ မြင့်တက်လာခဲ့ပါသည်။

အစိုးရ၏ သစ်တောအခွန်အခကောက်ခံမှုကို တွက်ချက်ရာတွင် တင်ပြထားသော သစ်ထုတ်ကုန်များကို တန်ဖိုးအနည်းဆုံး၊ အခွန်တော်နှုန်းအနည်းဆုံးမျိုးစိတ်အထိ ခွဲခြားသတ်မှတ်ရန် အစီရင်ခံတင်ပြထားပါသည်။

၁၉၉၀ခုနှစ်အစောပိုင်းတွင် အစိုးရသည် သစ်ထုတ်ခွင့်ပြုချက်များအပေါ်ကောက်ခံသည့် အခွန်တော်ငွေများကို (၁) ကုဗမီတာလျှင် အမေရိကန်ဒေါ်လာ (၅၄) ဒေါ်လာအထိမြှင့်တင်ခဲ့ပါသည်။

**အခန်း(၇)**

**သစ်တောအခွန်တော်များ၏အရေးကြီးမှု**

နိုင်ငံအချို့သည် သစ်တောများကို တန်ဖိုးမှန်ကန်သင့်လျော်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းနှင့် အပြည့်အဝအသုံးချနိုင်မှုကို အားကောင်းစေရန် စီးပွားရေးဆိုင်ရာ ဆွဲဆောင်မှုကို အသုံးပြုကြသည်။ ထို့ကြောင့် နိုင်ငံအများစုသည် ၎င်းတို့၏သစ်တောအခွန်အခကောက်ခံသည့်စနစ်နှင့် တန်ဖိုးသတ်မှတ်သည့် မူဝါဒများကို ခေတ်နှင့်အညီ မြှင့်တင်ခြင်းမှ သိသာသော အကျိုးအမြတ်များကို ရရှိလိမ့်မည်။

**ဆွေးနွေးရမည့်အချက်(၁) နည်းပါးသည့်သစ်တောအခွန်တော်များနှင့် ကောက်ခံခြင်း**

အပူပိုင်းဒေသသစ်နှင့် သစ်ထုတ်ယူခွင့်ပြုခြင်းအတွက် သစ်တောဆိုင်ရာ အခကြေးငွေနည်းပါးမှုပြဿနာမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အများဆုံးဖြစ်သည်။ သစ်တောဆိုင်ရာတန်ဖိုးသတ်မှတ်ခြင်းသည် အရေးပါသော သစ်တောထိန်းသိမ်းကာကွယ်ရေးကိရိယာတစ်ခုအဖြစ် သာမက ရေရှည်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု၏ မူဝါဒ ရည်မှန်းချက်များကို အထောက်အကူပြုအားပေးရာရောက်သည်။ သစ်နှင့်သစ်ထုတ်ယူခွင့်ပြုခြင်းအတွက် တန်ဖိုးမှန်ကန်သင့်လျော်စွာ သတ်မှတ်ခြင်းသည် သစ်ထုတ်ယူသော ဧရိယာကြီးကြီးမားမား ရယူထိန်းသိမ်းထားခြင်းကို မလုပ်စေရန်ဖြစ်စေနိုင်သည်။ တောတန်ဖိုးမှန်ကန်သင့်လျော်စွာ သတ်မှတ်ခြင်းသည် ကျယ်ကျယ်ပြန့်ပြန့်သစ်ထုတ်ခြင်းနှင့် သစ်တောဧရိယာ အလွန်အကျွံတိုးချဲ့ခုတ်ယူခြင်းတို့ကို လျော့နည်းစေသည်။ အချုပ်အားဖြင့် သစ်တောတန်ဖိုးမှန်ကန်သင့်လျော်စွာ သတ်မှတ်ပေးခြင်းသည် ပိုမိုထိရောက်မှုရှိသော၊ ရေရှည်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်မှုကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးလွယ်ကူပြီး သစ်ထုတ်ယူနိုင်သောဧရိယာများမှသာ သစ်ထုတ်လုပ်ပြီး ကျန်သစ်တောဧရိယာများကို သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းထုတ်ယူခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်းအတွက် အသုံးပြုစေနိုင်သည်။

သစ်တောနှင့်သစ်တောထွက်ပစ္စည်းများ၏ တန်ဖိုးများကို ထင်ဟပ်စေသော တောတန်းဖိုးသတ်မှတ်ခြင်းသည် သစ်အလွန်အကျွံခုတ်ယူခြင်းကို လျော့နည်းစေပြီး သစ်တောထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုကို တွန်းအားပေးပြီး ထိရောက်စွာ အသုံးချမှုနှင့် အလေအလွင့်နည်းမှုတို့ကို ဖြစ်စေသည်။ သစ်နှင့်သစ်ထုတ်လုပ်ခွင့်တန်ဖိုးများကို ထင်ဟပ်စေသော တောတန်ဖိုးသတ်မှတ်ခြင်းသည် သစ်တောများကာကွယ်ခြင်းနှင့် သစ်တောများစီမံအုပ်ချုပ်လုပ်ကိုင်မှုတို့ကို ငွေကြေးထောက်ပံ့ရန် အခွန်ငွေများရရှိစေပြီး အပူပိုင်းသစ်တောများအတွက် ရေရှည်တည်တံ့သော ဘဏ္ဍာငွေဖြည့်ဆည်းပေးသည်။

သစ်တောအခွန်အခ ကောက်ခံရရှိမှု နည်းပါးခြင်းသည် သစ်တောဝန်ဆောင်ခနည်းပါးမှုကြောင့်ဖြစ်သည်။ ထို့ကြောင့် သစ်၏ stumpage value အောက်နည်းပြီးထားရမည်။ သစ်တောအခွန်ငွေနည်းပါးခြင်းသည် အခွန်ငွေကောက်ခံမှုနည်းခြင်း၊ သစ်တိုင်းတာမှုမထိရောက်ခြင်း၊

မလုံလောက်ခြင်း၊ လာဘ်ပေးလာဘ်ယူရှိခြင်း၊ ဝန်ဆောင်ကြေးရှောင်တိမ်းခြင်းနှင့် တရားမဝင် သစ်ထုတ်မှု စသည်တို့ကြောင့်ဖြစ်ပေါ်ရသည်။

သစ်တောဝန်ဆောင်ခသည် အကြောင်းမျိုးမျိုးကြောင့် လျော့နည်းနိုင်သည်။ နိုင်ငံ အများ အပြား၌ သစ်တောဝန်ဆောင်ခများကို လွန်ခဲ့သော နှစ်များစွာကတည်းက သတ်မှတ်ပြီး အလွယ်တကူမပြောင်းလဲနိုင်သော ဥပဒေကြောင်းအရ သတ်မှတ်ခဲ့ကြသည်။

## သစ်တောဝန်ဆောင်ခ အဆင့်သတ်မှတ်ရန်အတွက် ရွေးပိုင်ခွင့်

သင့်လျော်သည့် သစ်တောဝန်ဆောင်ခအဆင့်တစ်ခုကို အလွယ်တကူမဆုံးဖြတ်နိုင်ပေ။ သစ်၏ stumpage value အပေါ်သက်ရောက်သော အချက်များကွဲပြားမှုနှင့် သင့်လျော်သည့် တန်ဖိုးနှင့် ကုန်ကျစရိတ်အချက်အလက်များ ကောက်ခံစုဆောင်းမှု၏ လက်တွေ့ပြဿနာများသည် stumpage value တိတိကျကျတွက်ချက်မှုကို အခက်အခဲဖြစ်စေသည်။

ပြိုင်ဆိုင်မှုဖြစ်စေရန် ဝယ်ယူသူလုံလုံလောက်လောက်ရှိသောအခါ ရေတိုအပြိုင်အဆိုင် ဈေးဖြင့် သစ်ရောင်းချခြင်း၊ ချိတ်ပိတ်တင်ဒါ၊ လေလံဆွဲခြင်းတို့ပြုလုပ်ခြင်းဖြင့် ဝယ်ယူသူပေးနိုင်ရန် ဆန္ဒရှိသော ဈေးကွက်အခြေခံ stumpage value ကို ရရှိနိုင်သည်။

ရွေးချယ်ထားသော ဧရိယာအချို့၌ အပြိုင်အဆိုင်ရှိသော သစ်ရောင်းချခြင်းသည် သစ်တော ဝန်ဆောင်ခများကို ချိန်ညှိရန်အတွက် stumpage value အပေါ်အရေးပါသော သတင်း အချက်အလက်ကို ထောက်ပံ့ပေးနိုင်သည်။

ပြိုင်ဆိုင်မှုရှိသောသစ်ရောင်းချခြင်း မပြုလုပ်နိုင်လျှင် stumpage value ကို သစ်လုံး အပြိုင်အဆိုင်ရောင်းချသော ဈေးကွက်၌ရောင်းချသော သစ်လုံးဈေးနှုန်း သို့မဟုတ် သစ်အချော ထည်ပစ္စည်းဈေးကွက်တန်ဖိုးများမှ ရရှိနိုင်သည်။ သစ်လုံးတန်ဖိုးမှ ရရှိသော stumpage value သည် သစ်အချောထည်ပစ္စည်းတန်ဖိုးမှရရှိသည့် stumpage value ထက် ရိုးရှင်းပြီး တွက်ချက်ရ လွယ်ကူသောကြောင့် ပိုမိုပြီးယုံကြည်အားထားရသည်။ ပြိုင်ဆိုင်မှုရှိသော သစ်လုံး ဈေးကွက်ကို အားပေးခြင်းသည် မည်သည့်နိုင်ငံမဆိုအကျိုးအမြတ်ရရှိနိုင်သည်။ ပြိုင်ဆိုင်မှုရှိသော သစ်လုံး ဈေးကွက်သည် ဝယ်သူ၊ ရောင်းသူ၊ အစိုးရနှင့် ပြည်သူများကို သစ်လုံးဈေး အချက်အလက်များကို ထောက်ပံ့ပေးပြီး stumpage value ကို ထင်ဟပ်စေသော သစ်တော အခွန်ငွေကို သတ်မှတ်ရန် ပိုမိုလွယ်ကူစေသည်။ သစ်လုံးဈေးကွက်ဖွံ့ဖြိုးလာစေရန် အားပေးခြင်းသည် သစ်အချောထည် စက်ရုံနှင့် သစ်အသုံးချမှုများကို သစ်လုံးခွဲဝေပေးမှုဈေးကွက် လိုအပ်ချက်ကိုပေးနိုင်သည်။ အပူပိုင်း ဒေသသစ်တောများတွင် သစ်မျိုးစိတ်၊ အရွယ်အစား၊ သစ်လုံးအရည်အသွေးကွဲပြားမှုများကြောင့် သစ်အသုံးချမှုနှင့် သစ်အချောထည်စီးပွားရေး၌ အကျိုးအမြတ်အလားအလာမှာ ထင်ရှားကြီးမား သည်။

သစ်ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် သစ်သယ်ယူပို့ဆောင်စရိတ်များကို သစ်ကန်ထရိုက်နှင့် လက်ခွဲကန်ထရိုက်များ၏ သစ်ခုတ်လှဲမှု၊ သစ်ငုတ်ထုတ်ခြင်းနှင့် သယ်ယူခြင်းများအပေါ်

တွက်ချက်နိုင်သည်။ ၎င်းတို့မှ ပုံမှန်အကျိုးအမြတ်အပါအဝင် ယုံကြည်စိတ်ချရသော သစ်ထုတ်လုပ်မှု ကုန်ကျစရိတ်ပမာဏကို ရရှိသည်။

ချိတ်ပိတ်တင်ဒါခေါ်ခြင်းနှင့် လေလံပစ်ခြင်းအားဖြင့် သစ်ထုတ်လုပ်ခွင့်ကို ခွဲဝေချထားပေးခြင်းသည် ၎င်းလေလံနှုန်းများမှ သစ်ထုတ်လုပ်ခြင်းတန်ဖိုးများကို တွက်ချက်နိုင်သည်။ သစ်ထုတ်လုပ်ခြင်း သဘောတူညီမှုမှ သစ်ထောက်ပံ့ပေးနိုင်ခြင်း ဖူလုံမှုတန်ဖိုးကို သိရှိနိုင်သည်။

**သစ်တောအခွန်တော်များကောက်ခံမှုချိန်ညှိခြင်းအတွက် ရွေးချယ်မှု**

အလိုအလျောက်ငွေကြေးဖောင်းပွမှု ထိန်းညှိခြင်းလုပ်ငန်းများကို သစ်တောအခွန်ကောက်ခံနှုန်းများပြင်ဆင်ခြင်း၊ သတ်မှတ်ဥပဒေပြုခြင်းများအဖြစ် ရေးသားနိုင်သည်။ ထိန်းညှိခြင်းကို သစ်ဝယ်ယူဈေးနှုန်းများ၊ စက်မှုလုပ်ငန်းဈေးနှုန်း၊ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုးကျဆင်းစေသည့်အရာများ၊ သစ်တောထွက်ပစ္စည်းဈေးနှုန်းစစ်တမ်းကောက်ခြင်း၊ ကမ္ဘာ့ဘဏ်နှင့် FAOမှ ထုတ်ပြန်သော အပြည်ပြည်ဆိုင်ရာ သစ်တောထွက်ပစ္စည်းဈေးနှုန်းများစသည်တို့အပေါ် အခြေခံသင့်သည်။ မလေးရှားနိုင်ငံ ဆဘတ်ပြည်နယ်ရှိ သစ်ထုတ်လုပ်ခွင့် အခွန်တော်ငွေနှုန်းများကို ပျမ်းမျှသစ်လုံးဈေးနှုန်းများပါဝင်သော တွက်နည်းကို အခြေခံ၍တွက်ပြီး (၃) လ တစ်ကြိမ် ပြန်တွက်သည်။

**ဆွေးနွေးရမည့်အချက်(၂) သစ်တောအခွန်တော်ငွေကောက်ခံခြင်းနှုန်းအားနည်းခြင်း**

သစ်တောအုပ်ချုပ်လုပ်ကိုင်မှုအားနည်းခြင်း၊ သစ်တောအခွန်တော်ကောက်ခံနှုန်း အားနည်းခြင်းတို့သည် သစ်ထုတ်လုပ်မှုလုပ်ငန်းများကို လမ်းလွဲစေပြီး အခွန်ရှောင်တိမ်းမှု၊ မသမာမှု၊ လာဘ်ပေးလာဘ်ယူခြင်း၊ အပိုဆောင်းပေးရခြင်း၊ အခြားတရားမဝင်ပေးရခြင်းနှင့် တရားမဝင်သစ်ထုတ်ခြင်းများဆီသို့ ဦးတည်စေသည်။

ဂါနာနိုင်ငံ၌ အမှန်တကယ်ရရှိမည့် သစ်တောအခွန်ငွေ၏ ၆ ပုံ ၁ ပုံ၊ ကွန်ဂိုနိုင်ငံ၌ ၅ ပုံ ၁ ပုံသာ ကောက်ခံရရှိကြောင်း ကမ္ဘာ့ဘဏ်မှထုတ်ပြန်ခဲ့သည်။

သစ်တောအခွန်တော်များကို တိမ်းရှောင်သောအခါ သစ်တောအခွန်ငွေသာမက သစ်တောစီမံအုပ်ချုပ်ခြင်းတွင် မက်လုံးပေးဆွဲဆောင်မှုအဖြစ် သစ်တောအခွန်ငွေများကို အသုံးချနိုင်မည့် အခွင့်အရေးများပါ ဆုံးရှုံးရသည်။ ထို့ကြောင့် သစ်များသည် သစ်အခြေခံစက်မှုလုပ်ငန်းများတွင် အလကားနီးပါးတန်ဖိုးမရှိ ဖြစ်လာသည်။ သစ်များသည် တန်ဖိုးမရှိဖြစ်လာလျှင် သစ်ထုတ်လုပ်ခြင်း၊ သစ်အချောထည်ပြုလုပ်ခြင်းများ၌ ထိထိရောက်ရောက်အသုံးမချနိုင်မှုများ ဖြစ်လာသည်။

သစ်တောအခွန်ငွေကောက်ခံရရှိမှုနည်းပါးရခြင်း အကြောင်းအရင်းများစွာရှိသည်။ အများအားဖြင့် ၎င်းအကြောင်းအရာများသည် သစ်လုံးတိုင်းတာမှု ပြဿနာများမှ ဖြစ်ပေါ်လာသည်။ သစ်လုံးတိုင်းတာမှုများသည် ကြီးကြပ်မှုခက်ခဲသည့် တောတွင်းနေရာများ၌ ဆောင်ရွက် ကြရသည်။

အစိုးရသစ်တိုင်းတာရေးဝန်ထမ်းများသည် လစာနည်းပါးခြင်း၊ စရိတ်ပေးငွေနည်းပါးခြင်း၊ သွားလာရေးအတွက်သစ်ထုတ်လုပ်သူပေါ်မှီခိုရခြင်း၊ လာဘ်ပေးလာဘ်ယူခြင်း၊ မသမာမှုပြုခြင်း

တို့ကြောင့် သစ်ထုတ်လုပ်သူများအပေါ် ဖိအားပေးရန် အခက်အခဲများကြုံတွေ့နေရသည်။ ၎င်းပြဿနာများကို သစ်တောစီမံခန့်ခွဲမှုအားနည်းခြင်း၊ အခွန်ငွေကောက်ခံမှုစနစ် မလုံလောက်ခြင်းတို့ကြောင့် ပိုမိုဆိုးရွားစေသည်။

သစ်ထုထည်များကို လျှော့၍တိုင်းတာခြင်း၊ ပြည်ပတင်ပို့သစ်ထုထည်များကို လျှော့၍ တွက်ပြခြင်း၊ သစ်အတန်းအစားများကို မှားယွင်းစွာ ခွဲခြားခြင်းတို့ကို သစ်တောအခွန်ငွေများ ရှောင်ရှားရန်၊ ၎င်းတို့ကုမ္ပဏီအကျိုးအမြတ်များပိုမိုရရှိရန် လုပ်ဆောင်ကြသည်။ သစ်လုံး သို့မဟုတ် သစ်အချောထည်များကို သစ်စျေးနှုန်းအနည်းငယ်ဖြင့် ဝယ်ယူပြီး အခြားနိုင်ငံများသို့ မြင့်မားသော စျေးနှုန်းများဖြင့် ပြန်လည်ရောင်းချကြသည်။ ထို့ကြောင့် တိုင်းပြည်မှ သစ်တန်ဖိုးနှင့် အကျိုးအမြတ်များနစ်နာဆုံးရှုံးရသည်။

## သစ်တောအခွန်ငွေကောက်ခံမှုတိုးတက်စေခြင်း

သစ်လုံးတိုင်းတာမှုနည်းစနစ်များနှင့် ထုထည်အခြေခံ stumpage value ကောက်ခံခြင်း လုပ်ငန်းများတိုးတက်စေရန် နည်းလမ်းများစွာရှိသည်။ ဧရိယာအခြေခံ၍ သစ်တောအခွန်ငွေကောက်ခံခြင်းပိုမိုလွယ်ကူပြီး အောင်မြင်နိုင်သည်။

သစ်လုံးတိုင်းတာမှုနည်းစနစ်နှင့် အခွန်ငွေကောက်ခံခြင်းများတိုးတက်စေရန် အဆိုပြုချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

- *တိုင်းတာသည့်နည်းစနစ်များ*

  သစ်လုံးရေတွက်ခြင်းနှင့် ရိုက်မှတ်ခြင်းစနစ်သည် သစ်လုံးတိုင်းတာမှုနည်းစနစ်များ၊ သစ်တောအခွန်ငွေကောက်ခံခြင်းများ၊ ကြီးကြပ်မှုအားကောင်းစေခြင်း စသည်တို့ကို တိုးတက်စေသည်။ ကွန်ပြူတာကိုအခြေခံသည့်စနစ်များသည် သစ်လုံးတိုင်းတာခြင်းများနှင့် သစ်လုံး စစ်ဆေးခြင်းများကို ပိုမိုလွယ်ကူစေသည်။

- *ကန်ထရိုက်လက်ခွဲများအသုံးပြု၍သစ်ထုတ်လုပ်ခြင်း*

  သစ်ခုတ်သမားများ၊ သစ်ထုတ်ကန်ထရိုက်လက်ခွဲများ၊ ၎တ်ထုတ်သည့်အဖွဲ့များ၊ သစ်တိုက်ကားမောင်းသူများကို သစ်အရေအတွက်ပေါ်အခြေခံ၍ ငွေပေးချေသင့်သည်။ ၎င်းပမာဏအတိုင်း သစ်လုံးအတိုင်းအတာထုထည်များကို ကန်ထရိုက်တာလက်ခွဲများအား အခွန်ငွေပေးဆောင်စေသည်။

- *သစ်လုံးတိုင်းတာရေးဝန်ထမ်းများကို မက်လုံးပေးခြင်း*

  သစ်လုံးတိုင်းတာစစ်ဆေးမှုကို သစ်လုံးတိုင်းတာရေးဝန်ထမ်းများအား စစ်ဆေးတိုင်းတာသည့် ကုဗမီတာအလိုက် ငွေကြေးပေးချေသင့်သည်။ သို့မှသာ သစ်လုံးတိုင်းတာရေးဝန်ထမ်းသည် ထုတ်ယူသည့်သစ်လုံးထုထည်အပြည့်အဝကို တိုင်းတာပြီး ပြန်လည်တင်ပြလိမ့်မည်။

- *သစ်လုံးတိုင်းတာမှုကို ကန်ထရိုက်ဖြင့်ခိုင်းစေခြင်း*

  အစိုးရသည် သစ်လုံးတိုင်းတာမှုလုပ်ငန်းတစ်ခုလုံးကို လွတ်လပ်သည့် တတိယ အဖွဲ့အစည်းတစ်ခုသို့ ကန်ထရိုက်စနစ်ဖြင့် ခိုင်းစေသင့်သည်။ ကန်ထရိုက်တာများကို တိုင်းတာသည့် ကုဗမီတာအလိုက် ငွေပေးချေခြင်းကြောင့် သစ်လုံးအားလုံးကို အပြည့်အဝ တိုင်းတာမည်မှာ သေချာလိမ့်မည်။ ကန်ထရိုက်ဖြင့်ခိုင်းစေခြင်းကို ဧရိယာတစ်ခုနှစ်ခု၌ စမ်းသပ်ပြီးလုပ်ဆောင် သင့်သည်။

- *သစ်အချောထည်စက်ရုံနှင့် ပြည်ပပို့ဆိပ်ကမ်းများ၌ သစ်လုံးများကို တိုင်းတာခြင်း*

  သစ်တောအတွင်း တိုင်းတာခြင်းထက် သစ်စက်၊ အထပ်သားစက်သို့မရောက်မီ သစ်လုံးများကို တိုင်းတာခြင်းသည် ကြီးကြပ်ရလွယ်ကူပြီး ယုံကြည်စိတ်ချရသည်။

- *သစ်လုံးတိုင်းတာမှုကို လွတ်လပ်စွာ စောင့်ကြည့်အကဲဖြတ်စေခြင်း*

  သစ်လုံးတိုင်းတာမှု လုပ်ငန်းများကို လွတ်လပ်သောအဖွဲ့အစည်းများကို ငှားရမ်း ခိုင်းစေသင့် သည်။

**ဆွေးနွေးရမည့်အချက်(၃) အနည်းဆုံးသစ်တောအခွန်တော်ကောက်ခံခြင်း**

အနည်းဆုံးသစ်တောအခွန်ငွေကောက်ခံခြင်းသည် အနာဂတ်တွင်ရှားပါးလာမည့် သစ်တန်ဖိုး၊ ကာကွယ်ထားသော သစ်တန်ဖိုးများကိုဖော်ပြသည်။ အနည်းဆုံးသစ်တောအခွန်ငွေသည် နောင်တွင် တန်ဖိုးရှိလာမည့် သစ်များကို သစ်တောအခွန်ငွေနည်းပါးစွာဖြင့် ထုတ်ယူခြင်းမပြုစေနိုင်ချေ။ အနည်းဆုံးသစ်တောအခွန်အခများသည် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ ရေဝေရေလဲ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်းစသည်တို့အတွက် သစ်တောတန်ဖိုးများကို ထင်ဟပ်စေသည်။

**ဆွေးနွေးရမည့်အချက်(၄) သစ်ထုတ်ခွင့်အပေါ်ကောက်ခံသည့် သစ်တောအခွန်တော်များ**

သစ်ထုတ်လုပ်ခွင့်အပေါ် ကောက်ခံသည့်အခွန်အခများမှာ ခုတ်လှဲသည့်သစ်အပေါ် စည်းကြပ်သည့် ထုထည်အခြေခံအခွန်အခများအပြင် သစ်ထုတ်လုပ်မှုအပေါ် စည်းကြပ်သည့် အခွန်အခများလည်း ပါဝင်သည်။

**သစ်ထုတ်ခွင့်အပေါ်ကောက်ခံသည့်အခွန်အခအမျိုးအစားများ**

သစ်ထုတ်ခွင့်အပေါ်ကောက်ခံသည့်အခွန်အခအမျိုးအစားများမှာ

- ကနဦးသစ်ထုတ်ခွင့်အခွန်အခ
- သစ်ထုတ်လုပ်ခွင့်ပြုခြင်းအပေါ် တစ်ကြိမ်စီပေးဆောင်ရခြင်း၊ နှစ်စဉ်သစ်ထုတ်ခွင့် ဧရိယာ အပေါ်ကောက်ခံသည့်အခွန်အခများ
- သစ်ထုတ်လုပ်ခွင့်ပြုဧရိယာ၊ သစ်တောသယံဇာတစာရင်း ကောက်ယူသည့်ထုထည်၊ နှစ်စဉ်ခုတ်လှဲနိုင်သော သစ်ထုထည်တို့အပေါ်အခြေခံပြီး ကောက်ခံသည့်အခွန်အခများ ပါဝင်သည်။ သစ်ထုတ်လုပ်ခွင့် အခွန်အခများသည် ထုထည်အပေါ် ကောက်ခံသည့် အခွန်အခထက် သိသာသည့် သစ်တောအခွန်အရင်းမြစ်တစ်ခု ဖြစ်သည်။

**သစ်ထုတ်လုပ်မှုအခွန်အခများ၏ သာလွန်သည့်အချက်များ**

သစ်ထုတ်လုပ်မှုအခွန်အခများသည် သင့်တင့်ပြီး ညီမျှစွာကောက်ခံသည့်အခွန်ဖြစ်ပြီး သစ်တောအခွန်များ၏ (၁)ရာခိုင်နှုန်းသာရှိသည်။ သစ်ထုတ်လုပ်သည့်လုပ်ငန်းကို ထိရောက်မှု မရှိပေ။ နိုင်ငံအများစုတွင် နှစ်စဉ်သစ်ထုတ်လုပ်မှု အခွန်အခများကို သစ်ထုတ်လုပ်ဧရိယာအပေါ် အခြေခံသည်။

**ဆွေးနွေးရမည့်အချက်(၅) သစ်ထုတ်ခွင့်နှင့် Bonus Bids အပေါ် လေလံပစ်ခြင်း**

သစ်ထုတ်ခွင့် လေလံတင်ခြင်းသည် သစ်တောအခွန်ငွေ Level တစ်ခုကို သတ်မှတ်ရာတွင် အသုံးပြုရန် သစ်တန်ဖိုးနှင့် သစ်ထုတ်ခွင့်အတွက် တန်ဖိုးများနှင့် ပတ်သက်၍ (ဈေးကွက်အခြေခံ) သတင်းအချက်အလက်များ ပေးနိုင်သည်။

လေလံတင်ခြင်းကို အပြိုင်အဆိုင် သစ်ထုတ်ခွင့်ရရှိလိုသော ဧရိယာများ၌ ပြုလုပ်သင့်သည်။ ပြိုင်ဆိုင်မှုမရှိလျှင် သစ်တောအခွန်တော်နှင့် သစ်ထုတ်လုပ်ခွင့်အခွန်ငွေများကို လေလံတင်ပြီး သတ်မှတ်ထားသော အခွန်ငွေများအပေါ် အခြေခံသင့်သည်။

**အခန်း(၈)**

**သစ်တောအခွန်ကောက်ခံသည့်ပုံစံများ တိုးတက်ကောင်းမွန်စေခြင်း**

သစ်တောအခွန်စနစ်ကို သစ်တောမူဝါဒရည်မှန်းချက်၊ တောအခြေအနေနှင့် တရားစီရင်ရေးဆိုင်ရာ အခွန်ငွေ စသည့်အချက်များနှင့် ကိုက်ညီသည့် လုပ်ထုံးလုပ်နည်းဖြင့် လုပ်ဆောင်သင့်သည်။

**သစ်တောအခွန်ကောက်ခံသည့်ပုံစံများ**

သစ်တောအခွန်ကောက်ခြင်း လုပ်ထုံးလုပ်နည်းများကို ရွေးချယ်မှုသည် ထိရောက်မှုရှိသော ၊ စွမ်းဆောင်ရည်မြင့်မားသော သစ်တောအခွန်ကောက်စနစ်အတွက် အရေးကြီးသည်။ ၎င်းလုပ်ထုံးလုပ်နည်းများကို ရွေးချယ်ရာတွင် အောက်ပါအချက်များကို အခြေခံသင့်သည်-

(၁) သစ်တောအခွန်ကောက်ခံခြင်း လုပ်ထုံးလုပ်နည်းတစ်ခုသည် အခြားနည်းတစ်ခုကိုလည်း ပြီးမြောက်စေသည်။

(၂) နိုင်ငံ၏ သစ်တောအခြေအနေကွဲပြားခြင်းကြောင့် အခွန်ကောက်လုပ်ထုံးလုပ်နည်းများလည်း ကွဲပြားနိုင်သည်။

(၃) သစ်တောအခွန်ကောက်စနစ်ကိုများစွာသော သစ်တောမူဝါဒ ရည်မှန်းချက်များကို ပြီးမြောက်စေရန် ပါဝင်လုပ်ဆောင်ရမည်။

**သစ်တောအခွန်ကောက်ခံမှုဖွဲ့စည်းပုံ**

ရွေးချယ်ထားသော သစ်တောကောက်ခံမှုစနစ်သည် သစ်နှင့် သစ်တောမြေအပေါ် ကောက်ခံမှုများ ပါဝင်သင့်သည်။ သစ်နှင့် သစ်တောမြေ ပိုင်ဆိုင်မှုများသည် သစ်တန်ဖိုးများဖြစ်ကြသည်။ စီးပွားရေးအရ အပြည့်အဝအသုံးပြုနိုင်မှုနှင့် ထိန်းသိမ်းကာကွယ်ခြင်းများသည် သစ်နှင့် သစ်တောမြေ နှစ်ခုလုံးအတွက် ဖြစ်စေရမည်။

**သစ်အပေါ်ကောက်ခံသည့် သစ်တောအခွန်တော်များ**

၁။ သစ်တောအခွန်ကောက်ခံချမှတ်ခြင်းတွင် စဉ်းစားသင့်သည့် အချက်များမှာ ထုထည်အခြေခံသည့် stumpage price များသည် သစ်တောကာဗွန်စနစ်၏ အရေးပါသော အစိတ်အပိုင်းအဖြစ် ပါဝင်သင့်သည်။

၂။ ပြိုင်ဆိုင်ပြီး လေလံဆွဲခြင်းသည် ထုထည်အခြေခံသည့် stumpage price (သို့မဟုတ်) သစ်တောအခွန်ကောက်ခြင်း လုပ်လုံးလုပ်နည်းများကို ထောက်ပံ့ပေးနိုင်သည်။

၃။ ခုတ်လှဲသစ်ပင်အရေအတွက် အလိုက် အခွန်ကောက်ခံခြင်းသည် ထုထည်အခြေခံသည့် stumpage price အတွက် အစားထိုးမှု ဖြစ်နိုင်သည်။

၄။ ပြည်ပပို့ သစ်လုံးများမှ အခွန်ငွေများသည် ထုထည်အခြေခံသည့် stumpage price ကို တိတိကျကျ ထောက်ပံ့နိုင်သည်။

၅။ စီးပွားရေးကော်ပိုရေးရှင်း၏ ဝင်ငွေခွန်သည် ထုထည်အခြေခံ stumpage price (သို့မဟုတ်) အခြားသစ်အခြေခံထောက်ပံ့မှုများကို အစားမထိုးနိုင်ချေ။

**သစ်တောလုပ်ပိုင်ခွင့်များအပေါ်ကောက်ခံသည့် အခွန်တော်များ**

သစ်တောပိုင်ဆိုင်မှုအပေါ် ဧရိယာအခြေခံထောက်ပံ့မှုနှင့် အခြားထောက်ပံ့မှုသည် သစ်ထောက်ပံ့ပေးနိုင်ခြင်း စိတ်ချရမှုကို ဖြစ်စေသည်။ အောက်ပါသစ်ထုတ်ခွင့်နှင့် ရေရှည် သစ်တောပိုင်ဆိုင်မှု အပေါ်ကောက်ခံသည့် အခွန်ငွေများသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သည်။

၁။ ကနဦးလိုင်စင်ကြေးနှင့် ပြန်လည်ထူထောင်ကြေးများသည် စီမံအုပ်ချုပ်မှုကုန်ကျ စရိတ်ကို ကာမိစေသည်။

၂။ ဧရိယာအခြေခံသည့် နှစ်စဉ်မြေငှားရမ်းခ (သို့မဟုတ်) ခွင့်ပြုသည့် ခုတ်လှဲမှု အခွန်ငွေသည် သစ်ထောက်ပံ့မှုကို တည်မြဲစေသည်။

၃။ နှစ်စဉ်မြေငှားခသည် တောမီးကာကွယ်ခြင်း၊ အင်းဆက်နှင့် ရောဂါများမှ ကာကွယ်ခြင်း၊ သစ်ပျိုးထောင်ခြင်းနှင့် အခြားသစ်တောလုပ်ငန်းများအတွက် ဝန်ဆောင်ကြေးများ ရရှိခြင်းဖြင့် ထောက်ပံ့ပေးသည်။

၄။ ပိုင်ဆိုင်မှုအတွက် ပြိုင်ဆိုင်မှုရှိသော နေရာများတွင် အပြိုင်အဆိုင်လေလံတင် ခြင်းဖြင့် တောပိုင်ဆိုင်ခွင့်ကို မျှတစွာ ယှဉ်ပြိုင်စေပြီး တောများကို တန်ဖိုးရှိရှိ အသုံးချစေနိုင်သည်။

**အခန်း(၉)**

**အပူပိုင်းသစ်တောများအတွက် အဆိုပြုထားသော သစ်တောတန်ဖိုးသင့်မူဝါဒများ**

သစ်တောအခွန်ကောက်ခံမည့်ပုံစံနှင့် ပမာဏကို သတ်မှတ်ရာတွင် ထိရောက်၊ အကျိုးများစေရန် လိုအပ်သည်။ ညံ့ဖျင်းသော သစ်တောအခွန်ကောက်ခံစနစ်သည် သစ်တန်ဖိုးများလျော့ကျစေပြီး အခွန်ငွေရရှိမှုကို လျော့နည်းစေသည်။

အခွန်ကောက်ခံခြင်းသည် သစ်လုပ်ငန်းများ အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်နှင့် သစ်ကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်စေရန်အတွက်ဖြစ်သည်။

အဆိုပြုထားသည့် သစ်တောတန်ဖိုးသင့်မူဝါဒများသည် သစ်တောထုတ်လုပ်ဆောင်ရွက်မှုကောင်းမွန်စေရန်၊ လုပ်ငန်းများစီမံခန့်ခွဲရန်နှင့် စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေရရှိနိုင်စေရန် ရည်ရွယ်သည်။ မူဝါဒများကောင်းမွန်စေရန်-

(၁) သစ်တောအသုံးပြုမှုနှင့် စီမံခန့်ခွဲမှုအတွက် အခွန်အခများကောက်ခံရန်

(၂) သစ်တောတန်ဖိုးအလိုက် အခွန်အခများတိုးမြှင့်ရန်

(၃) အစိုးရရင်းနှီးမြှုပ်နှံမှုအတွက် ထိုက်တန်သည့် ဝင်ငွေပြန်လည်ရရှိရန်နှင့်

(၄) ရရှိသည့် အခွန်ငွေများကို ပိုမိုကောင်းမွန်သော သစ်တောစီမံခန့်ခွဲမှုအတွက် ရန်ပုံငွေထားရှိရန် ရည်ရွယ်ပါမည်။

အဆိုပြုချက်တွင် အောက်ဖော်ပြပါအချက် (၆) ချက်ပါဝင်သည်။

*၁။ နှစ်စဉ်သစ်ထုတ်လုပ်မှုအပေါ်ကောက်ခံသည့်အခွန်တော်*

သစ်တောစီမံခန့်ခွဲခွင့်နှင့် ဧရိယာအလိုက် နှစ်စဉ်သစ်ထုတ်လုပ်သည့်ဝင်ငွေ၏ အမျိုးအစားအလိုက် အခွန်ကောက်ခံရန် ဖြစ်သည်။ ၎င်းသည် အဓိကဝင်ငွေအရင်းအမြစ်ဖြစ်ပြီး ရရှိရန်ခက်ခဲသည့် ထုထည်အလိုက်သစ်ထုတ်ခြင်းနှင့် နိုင်ငံခြားတင်ပို့ခြင်းများအတွက် အခွန်ကို ပြန်လည်ကာမိစေသည်။

*၂။ ကနဦးလုပ်ကိုင်ခွင့်အခွန်အခ*

လုပ်ကိုင်ခွင့်များချထားပေးရာတွင် အုပ်ချုပ်ရေးပိုင်းကုန်ကျစရိတ်များကာမိစေရန် ကောက်ခံခြင်းဖြစ်သည်။ ထို့အပြင် မရေရာသည့် လုပ်ကိုင်ခွင့်တောင်းခံမှုများရှိမလာစေရန် တားဆီးပြီးသားဖြစ်သည်။

*၃။ လုပ်ကိုင်ခွင့်အတွက် ဈေးပြိုင်ခေါ်ယူခြင်း*

မျှတသောနည်းလမ်းဖြင့် လုပ်ကိုင်ခွင့်များကို ဈေးပြိုင်ခေါ်၍ ချထားပေးသည်။ သတ်မှတ်မူလနှုန်းထားမှစ၍ အပြိုင်အဆိုင်ဈေးနှုန်းများပိုပေးစေခြင်း ဖြစ်သည်။ သေချာသည့် သစ်ထွက်ရှိမှုအတွက် ဈေးနှုန်းကောင်းစွာရရှိရန် စိတ်ချရသည်။

*၄။ သစ်ထုထည်အလိုက်ထုတ်လုပ်မှု အနိမ့်ဆုံးနှုန်းထားကောက်ခံခြင်း*

ထိုသို့ကောက်ခံရာတွင် (၁) အုပ်ချုပ်ရေးပိုင်းကုန်ကျစရိတ်နှင့် သစ်တောပြန်လည် ပျိုးထောင်စရိတ်တို့ကို ကာမိစေရမည်။ (၂) ထို့အပြင် သဘာဝပတ်ဝန်းကျင်နှင့် ရောင်းကုန်မဟုတ်သည့် သစ်တော အကျိုးကျေးဇူးများအတွက် တန်ကြေးရရှိပါမည်။

*၅။ ဧရိယာအလိုက် သစ်ထုတ်လုပ်မှု အနိမ့်ဆုံးနှုန်းထားကောက်ခံခြင်း*

သစ်ထုတ်လုပ်ခြင်းနှင့် အခြားသစ်တောမြေအသုံးချလုပ်ငန်းများအား ကောက်ခံပါသည်။

*၆။ လုပ်ငန်းများစောင့်ကြည့်ခြင်း၊ ကွပ်ကဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့အတွက် ရန်ပုံငွေရရှိရန် ကောက်ခံခြင်း*

ကောက်ခံရရှိသည့်ငွေများကို သစ်တောစီမံခန့်ခွဲမှု ရန်ပုံငွေအဖြစ်ထားရှိပြီး သစ်ထုတ်လုပ်ငန်းများကို စောင့်ကြည့်ရန်၊ ကွပ်ကဲရန်နှင့် စီမံခန့်ခွဲမှုလုပ်ငန်းများတွင် အသုံးပြုသည်။

*လုပ်ကိုင်ခွင့်ပေးမထားသည့် ပြည်သူပိုင်သစ်တောများတွင် အခွန်ကောက်ခံခြင်း*

လုပ်ကိုင်ခွင့်ပေးမထားသည့် ပြည်သူပိုင်သစ်တောများတွင် အခွန်ကောက်ခံခြင်းသည် လုပ်ကိုင်ခွင့်ပေးထားသည့်တောများမှ ကောက်ခံခြင်းထက် ပိုမိုရရှိပါသည်။ ဤသည်မှာ လုပ်ကိုင်လိုသူများကို လုပ်ကိုင်ခွင့်တောင်း၍ ဂရုတစိုက်လုပ်ကိုင်စေရန် တွန်းအားဖြစ်စေပါသည်။

ခွင့်ပြုမြေပြင်ပ၌ ဧရိယာအလိုက်နှင့်ထုထည်အလိုက် သစ်ထုတ်လုပ်မှုမှကောက်ခံသည့် အခွန်ငွေများသည်လည်း စီမံခန့်ခွဲမည့်ဌာနအတွက် ရန်ပုံငွေလုံလောက်စေရန် ကြိုးမြင့်ရမည်ဖြစ်သည်။ ကောက်ခံရရှိသည့်ငွေများကို သစ်ထုတ်လုပ်ငန်းများစောင့်ကြည့်ကွပ်ကဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် သစ်တောပြန်လည်စိုက်ပျိုးတည်ထောင်ခြင်းတို့အတွက် ရန်ပုံငွေထားရှိရမည်ဖြစ်သည်။

**အများပြည်သူနှင့်ဆိုင်သော သစ်တောမြေပေါ်မှ ကောက်ခံသည့်သစ်တောအခွန်တော်များ**

Outside Concessions

သစ်ထုတ်ယူခွင့်ပြုထားသောလုပ်ငန်းများမှလွဲ၍ ပြည်သူလူထုပိုင် သစ်တောစီမံအုပ်ချုပ်မှု လုပ်ငန်းများကို ပုံမှန်အားဖြင့် အစိုးရကသာဆောင်ရွက်ရမည် ဖြစ်သည်။ ထို့ကြောင့် ၎င်းသစ်တောမြေမှ ထွက်ရှိလာသော သစ်တောထွက်ပစ္စည်းများ၏တန်ဖိုးများနှင့် ဧကတန်ဖိုးများတွက်ရာတွင် သစ်ထုတ်ယူခွင့်ကန်ထရိုက်တန်ဖိုးများထက် ပိုမိုသင့်ပါသည်။ ဤကဲ့သို့ ပိုမိုခြင်းအားဖြင့် သစ်ထုတ်ယူခွင့်ရသူများအတွက်လည်း ၎င်းတို့၏လုပ်ငန်းများကို စေ့စပ်သေချာစွာဆောင်ရွက်နိုင်ရန် incentives ပေးလိုက်သကဲ့သို့ပင်ဖြစ်ပါသည်။ နိုင်ငံတော်တော်များများတွင် ထုတ်ယူသူများသည် ထုတ်လုပ်ခွင့်ရရှိပြီးသည်နှင့် တပြိုင်နက်တည်း ထုတ်ယူခွင့်ပြင်ပရှိသစ်လုံးများကို ဈေးသက်သာစွာဖြင့်ဝယ်ယူရမည် ဖြစ်ပါသည်။ ထုတ်ယူခွင့်ပြင်ပမှသစ်လုံးများကို ဧရိယာနှင့်ထုထည်အပေါ်တွင် တွက်ချက်သောဝန်ဆောင်ခများကောက်ခံရာတွင် သစ်တောစီမံအုပ်ချုပ်မှုအတွက်

လိုအပ်သော ဘဏ္ဍာရေးအခြေအနေကိုမီစေရမည် ဖြစ်ပါသည်။ အခွန်ကောက်ခံရာမှ ရရှိလာမည့် အခွန်ဘဏ္ဍာများကိုလည်း သစ်တောများပြန်လည်တည်ထောင်ရာတွင် အသုံးပြုရန်၊ သစ်ထုတ်ရာတွင်ကြီးကြပ်ရန်၊ သစ်တောစီမံအုပ်ချုပ်ရာတွင် အသုံးပြုရန်အတွက် ခွဲဝေပေးရမည် ဖြစ်ပါသည်။ နောက်ဆုံး အကြံပြုချက်အနေဖြင့် ဤဧရိယာများမှထွက်ရှိလာမည့်သစ်လုံးများကို ရောင်းချရာတွင် လေလံစနစ်ဖြင့် ရေတိုကန်ထရိုက်စာချုပ်များချုပ်ဆိုကာ ရောင်းချသင့်ကြောင်း တင်ပြထားပါသည်။

**အစုအဖွဲ့ပိုင်နှင့် ပုဂ္ဂလိကပိုင်မြေများရှိ သစ်တောအခွန်တော်များ**

အစုအဖွဲ့ပိုင်နှင့် ပုဂ္ဂလိကပိုင်မြေများမှထွက်သော သစ်သည် ၎င်းမြေပိုင်ရှင်၏ ပိုင်ဆိုင်မှုသာ ဖြစ်သည်။ အစိုးရမှသတ်မှတ်ထားသည့် သစ်တောစီမံအုပ်ချုပ်မှုစည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး သစ်များကို လွတ်လပ်စွာရောင်းနိုင်ပါ သည်။ ပင်ထောင်သစ် သို့မဟုတ် ခုတ်လှဲပြီးသစ်အပေါ် ပင်ထောင်ဈေးနှုန်းကို ရောင်းသူနှင့်ဝယ်သူများအကြား သတ်မှတ်သည်။ သို့သော်လည်း နိုင်ငံအများအပြား၌ ရောင်းချလိုသူများပြီး ဝယ်ယူလိုသူနည်းပါးသည်။ ရလဒ်အနေဖြင့် ပင်ထောင်သစ်နှင့် ခုတ်လှဲပြီးသစ်များအတွက် ဈေးကွက်ပြိုင်ဆိုင်မှုမရှိချေ။ ထို့ကြောင့် ကမ်းလှမ်းလာသည့်ဈေးနှုန်းဖြင့်သာ ရောင်းချကြရသည်။ နည်းပါးသော သစ်ထုတ်ခွင့်အပေါ် ကောက်ခံသည့် သစ်တောအခွန်ငွေများကို အခြေခံဈေးနှုန်းအဖြစ် သစ်ဝယ်ယူသူများမှ ပုဂ္ဂလိကမြေပိုင်ရှင်များနှင့် ညှိနှိုင်းအသုံးပြုကြသည်။ ထို့ကြောင့် သစ်တောအခွန်ငွေများ တိုးမြှင့်ကောက်ခံခြင်းသည် အစုအဖွဲ့ပိုင်နှင့် ပုဂ္ဂလိကသစ်တောပိုင်ရှင်များ၏ အခန်းကဏ္ဍကို ပင်ထောင်ဈေးနှုန်းဆွေးနွေးရာတွင် အားကောင်းလာစေလိမ့်မည်ဖြစ်သည်။

ပုဂ္ဂလိကနှင့် အစုအဖွဲ့ပိုင်မြေပေါ်ရှိသစ်များ အပြိုင်အဆိုင်ရောင်းဝယ်မှုမရှိခြင်းကို ကာမိစေရန် အစိုးရသည် သင့်တင့်မျှတသောဈေးနှုန်းရရှိရန်၊ မြေပိုင်ရှင်များ၏ လုပ်ပိုင်ခွင့်များရရှိ စေရန်၊ သစ်ဝယ်ယူများ၏ လက်ဝါးကြီးအုပ်ရောင်းဝယ်ခြင်းကို ပြန်လည်ထိန်းညှိရန် သစ်ဈေးနှုန်းကို ကြမ်းခင်းဈေးနှုန်းများသတ်မှတ်ခြင်းဖြင့် လုပ်ဆောင်ပေးနိုင်သည်။ ပုဂ္ဂလိကနှင့် အစုအဖွဲ့ပိုင်သစ်များ ရောင်းချခြင်းအတွက် အနည်းဆုံးဈေးနှုန်းသတ်မှတ်ပေးခြင်းသည် အလုပ်သမားများပြီး အလုပ်ရှင် အနည်းငယ်သာရှိသည့်စက်ရုံများတွင် ဆုံးရှုံးမှုနှုန်းအနည်းဆုံးကို သတ်မှတ်ပေးခြင်းနှင့် အလားတူစေသည်။

သစ်ဝယ်ယူသူများ၌ သစ်တောစီမံအုပ်ချုပ်မှု၊ ထိန်းသိမ်းကာကွယ်မှုတာဝန်များ မရှိခြင်းကြောင့် ပုဂ္ဂလိကနှင့် အစုအဖွဲ့ပိုင်သစ်များအတွက် နည်းပါးသည့်သစ်ဈေးနှုန်းများသည် သစ်ထုတ်လုပ်ခွင့်အပေါ် သစ်တောအခွန်ငွေကောက်ခံခြင်းနှုန်းထက် ပိုမိုများပြားသင့်သည်။ ထို့အပြင် အဆိုပါ သစ်များသည် စီမံအုပ်ချုပ်ထားသည့်သစ်တောမှ သစ်ထုတ်ခြင်းအတွက်လည်း သက်သာသော အစားထိုးမှု ဖြစ်လာသည်။

**သစ်တောအခွန်တော်များအတန်းအစား တည်ဆောက်ခြင်း**

ရောင်းသည့်သစ် သို့မဟုတ် သစ်ထုတ်ခွင့်ဧရိယာအပေါ်ကောက်ခံသည့် အခွန်ငွေများအတွက် သင့်တော်သော သစ်တောအခွန်ငွေများသတ်မှတ်ခြင်းသည် အရေးကြီးသည့်အချက်ဖြစ်သည်။

သစ်အခြေခံစက်မှုလုပ်ငန်းများသည် နည်းပါးသည့်သစ်တောအခွန်ငွေများကိုသာ ပေးသွင်းကြသည်။ ထို့ကြောင့် အစိုးရသည် သစ်နှင့်သစ်တောထွက်ပစ္စည်း၏ တန်ဖိုးကောင်းမွန်လာစေမည့် သစ်တောအခွန်တော်ကောက်ခံမှုများကို သတ်မှတ်ရမည်ဖြစ်သည်။ သစ်တောအခွန်ငွေနည်းပါးလျှင် သစ်စျေးနှုန်းသက်သာပြီး ၎င်းသစ်များကို အကျိုးမရှိအသုံးပြုမှုနှင့် သစ်အချောထည်လုပ်ရာတွင် လည်းအလေအလွင့် များပြားမှုများဖြစ်ပေါ်လာစေပါသည်။ သစ်တောအခွန်နည်းပါးခြင်းသည် သစ်အခြေခံ စက်မှုလုပ်ငန်း များ ပိုမိုများပြားလာစေလိမ့်မည်ဖြစ်သည်။ ထို့အပြင် အကျိုးမဲ့စွာသစ်အသုံးပြုမှုမှ သစ်တော ပြုန်းတီးခြင်းနှင့် သစ်အလွန်အကျွံထုတ်ခြင်းကို ပိုမိုဖြစ်ပေါ်လာစေလိမ့်မည်ဖြစ်သည်။

Stumpage value သည် သစ်၏စီးပွားရေးတန်ဖိုးဖြစ်ပြီး သစ်စျေးနှုန်းသည် ပြိုင်ဆိုင်မှုရှိသည့်စျေးကွက် ဖြစ်ပေါ်လာစေလိမ့်မည်ဖြစ်သည်။

ပြိုင်ဆိုင်မှုရှိသည့် သစ်နှင့်သစ်တောလုပ်ပိုင်ခွင့်အခြေအနေများတွင် လေလံ သို့မဟုတ် အိတ်ဖွင့်တင်ဒါဖြင့်ရရှိသည့် ၎င်းလုပ်ပိုင်ခွင့်များသည် စျေးကွက်ကိုအခြေခံသော Stumpage value၊ ဝယ်ယူသူ၏ ဆန္ဒမပါမှုကိုအခြေခံသောပေးချေမှု သို့မဟုတ် သစ်လုပ်ပိုင်ခွင့်တန်ဖိုး ကောင်းမွန်စေခြင်းတို့ကို တိုက်ရိုက်ထောက်ပံ့ပေးပါသည်။ သစ်နှင့်ပြိုင်ဆိုင်မှုရှိသည့် သစ်ထုတ်ခွင့်ဧရိယာများအပေါ် တောင်းဆိုသည့်စျေးနှုန်းသည် ပြိုင်ဆိုင်မှုမရှိသည့် အခြေအနေ သို့မဟုတ် နေရာများထက် အခြေခံစျေးကွက်တစ်ခုအဖြစ် ပိုမိုထောက်ပံ့ပေးနိုင်သည်။

ပင်ထောင်သစ်များ အပြိုင်အဆိုင်ရောင်းချမှုစျေးကွက်သည် ရှားပါးသည်။ အများအားဖြင့် ဝယ်သူနည်းပြီး ရောင်းလိုသူများပြားသည်။ ဝယ်သူအနည်းငယ်မှ ကမ်းလှမ်းသောသစ်စျေးနှုန်းသည် ၎င်းတို့၏သစ်စျေးကွက်အပေါ်လွှမ်းမိုးမှုကို သက်ရောက်မှုရှိပြီး သစ်တန်ဖိုးကို လျော့နည်းစေသည်။

**ပင်ထောင်သစ်များ၏ Stumpage value**

သစ်အပြိုင်အဆိုင်ရောင်းချမှုမရှိလျှင် Stumpage value ကို ပြိုင်ဆိုင်မှုရှိသည့် သစ်လုံးစျေးကွက်တွင် ရောင်းချသောသစ်လုံးစျေးနှုန်းမှ ရရှိနိုင်သည်။ Stumpage value ကို သစ်ထုတ်ခြင်းနှင့်သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်များ နုတ်ယူပြီးနောက်ရရှိသည်။ ကုန်ကျစရိတ်ကို သစ်ထုတ်လုပ်မှုလုပ်ငန်း၏ ပျမ်းမျှကုန်ကျစရိတ်အပေါ် အခြေခံသင့်သည်။

အပြိုင်အဆိုင်သစ်လုံးရောင်းချမှုစျေးကွက်မရှိလျှင် Stumpage value ကို သစ်အချောထည်ပစ္စည်းစျေးနှုန်းများမှ ရယူဆုံးဖြတ်ရန်လိုအပ်သည်။ သို့သော် Stumpage value ကို သစ်အချောထည် ပစ္စည်းစျေးနှုန်းမှ ရယူဆုံးဖြတ်ခြင်းထက် သစ်လုံးစျေးနှုန်းမှ ဆုံးဖြတ်ခြင်းသည် ပိုမိုရိုးရှင်းပြီး သင့်လျော်သည်။ သစ်အချောထည်စျေးနှုန်းမှ ရယူဆုံးဖြတ်ခြင်းသည် နောက်ထပ်အချက်အလက်များ လိုအပ်ပြီး အချက်အလက်များမပြည့်စုံလျှင် ယုံကြည်စိတ်ချရနိုင်မှု နည်းပါးပြီး ပိုမိုတွက်ချက်ရသည်။

သစ်ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် Stumpage value သည် နေရာ၊ ပင်ထောင်အခြေအနေနှင့် မြေမျက်နှာသွင်ပြင်တို့အလိုက် ကွဲပြားသည်။ လမ်းပန်းဆက်သွယ်ရေးပိုမိုလွယ်ကူသော အနီးအနား

ရှိသစ်တောဧရိယာများနှင့် ပင်ထောင်များ၏ Stumpage value သည် သယ်ယူစရိတ်နည်းပါးသောကြောင့် ပိုမိုမြင့်မားရလိမ့်မည်ဖြစ်သည်။ (၁) ဟက်တာရှိထုထည်များပြားပြီး ခြောက်သွေ့သော မြေနှင့် ပြေပြစ်သောနေရာရှိ ပင်ထောင်များ၏ Stumpage value သည် ဆိုးရွားသော အခြေအနေရှိ ပင်ထောင်များ၏ Stumpage value ထက်ပိုမိုများပြားလိမ့်မည်ဖြစ်သည်။

ယေဘူယျအားဖြင့် Stumpage value သည် ရိုးရှင်းသော်လည်း လက်တွေ့၌ တွက်ချက်ရန် မလွယ်ကူချေ။ သစ်လုံးဈေးနှုန်းများသည် မျိုးစိတ်နှင့် သစ်အတန်းအစားအလိုက် ကွဲပြားသည်။ Stumpage value သည် သစ်မျိုးစိတ်၊ အတန်းအစား၊ သစ်ထုတ်လုပ်မှုကုန်ကျစရိတ်၊ သယ်ယူစရိတ်နှင့် ဈေးကွက်အကွာအဝေးအရ ကျယ်ကျယ်ပြန့်ပြန့် ကွဲပြားသည်။ တန်ဖိုးကြီးသော သစ်မျိုးစိတ် သို့မဟုတ် အတန်းအစားများ၏ Stumpage value သည် တန်ဖိုးနိမ့်သော မျိုးစိတ်နှင့် အတန်းအစားများထက် အဆများစွာရှိနိုင်သည်။

Stumpage valueကိုတွက်ချက်ရာ၌ တန်ဖိုးနှင့်ကုန်ကျစရိတ်အချက်အလက်များဆိုင်ရာ ပြဿနာများရှိသည်။ သစ်လုံးနှင့်သစ်အချောထည်တန်ဖိုးများသည် တိကျမှုမရှိနိုင်ချေ။ သစ်ဈေးနှုန်းများသည် ရောင်းသူများ သို့မဟုတ် ဝယ်သူများ၏ ဈေးကွက်လွှမ်းမိုးမှုအပေါ် သက်ရောက်နိုင်သည်။ ခန့်မှန်းထားသည့် သစ်ထုတ်သည့်ကုန်ကျစရိတ်များသည် သစ်ထုတ်သည့်အခြေအနေ၊ ပင်ထောင်အနေအထားနှင့် ရာသီဥတုအခြေအနေပြောင်းလဲမှုတို့ကြောင့် အတိအကျမသိနိုင်ချေ။ ကုန်ကျစရိတ်များသည် သစ်တောအခွန်ငွေကောက်ခံမှုနည်းပါးခြင်းကြောင့် မြင့်မားနိုင်သည်။

**Stumpage value ခန့်မှန်းခြင်း**

ပင်ထောင်သစ်များ၏ Stumpage value ခန့်မှန်းမှုများသည် များပြားသည့်နည်းလမ်းများ ရှိနိုင်သည်။

- ပင်ထောင်ရောင်းချခြင်းမှရရှိသည့် Stumpage value

  အရိုးရှင်းဆုံး Stumpage value များသည် ပြိုင်ဆိုင်မှုရှိသည့်ဈေးကွက်တွင် ပင်ထောင်သစ်များ၏ မြေပိုင်ရှင်များ၊ ပုဂ္ဂလိကပိုင်ရှင်များ သို့မဟုတ် အစုအဖွဲ့များကို ပေးချေသည့်ဈေးနှုန်းဖြစ်သည်။ အဆိုပါဈေးနှုန်းများသည် Stumpage value ကို လျှော့၍ တွက်ထားခြင်းနှင့်တူသည်။ နိုင်ငံအတော်များများတွင် နေရာဒေသတစ်ခု အတွက် သစ်ဝယ် သည့်ကုမ္ပဏီသည် တစ်ခု သို့မဟုတ် နှစ်ခုသာရှိသော်လည်း သစ်ရောင်းချလိုသူများ၊ ပုဂ္ဂလိကသစ်ပိုင်ရှင်များနှင့် အစုအဖွဲ့များ အများအပြား ရှိနေသည်ကို တွေ့ရှိရပါသည်။ သစ်ပိုင်ရှင်များသည် ၎င်းတို့၏သစ်များကိုရောင်းရန် စိတ်အားထက်သန်နေသည့်အတွက် ဝယ်ယူသူများ၏ ဈေးကွက်ဖြစ်လာသည်။ ထို့ကြောင့် ဝယ်ယူသူများသည် သစ်ဈေးနှုန်းများကို ၎င်းတို့၏စိတ်ကြိုက်သတ်မှတ်ကြသည်။

- လမ်းဘေး သို့မဟုတ် မြစ်ကမ်းနားဘေးရှိ ခုတ်လှဲထားသည့်အပင်များနှင့်သစ်လုံးများ အတွက် ပေးချေသည့်ဈေးနှုန်း

သစ်တောမြေပိုင်ရှင်များ သို့မဟုတ် အစုအဖွဲ့များသည် သစ်တောအတွင်းရှိ ခုတ်လှဲထားသည့် သစ်များနှင့်ဖြတ်ပိုင်းထားသည့်သစ်လုံးများ သို့မဟုတ် လမ်းဘေးနှင့် မြစ်ကမ်းနားဘေးရှိ သစ်လုံးများကို ရောင်းချကြသည်။ Stumpage value ကို သစ်ခုတ်လှဲသည့်ကုန်ကျစရိတ် နုတ်ပြီးသည့်သစ်၏ဈေးနှုန်း သို့မဟုတ် သစ်ခုတ်လှဲခြင်းနှင့်ခုတ်လှဲပြီးသစ်များကို လမ်းဘေး၊ မြစ်ကမ်းဘေးသို့သယ်ယူသည့်စရိတ်နုတ်ပြီးသည့် သစ်လုံး၏ဈေးနှုန်းအဖြစ် သတ်မှတ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ အဆိုပါပင်ထောင် ဈေးနှုန်းများသည် Stumpage valueကို လျော့၍တွက်ချက်ထားခြင်းဖြစ်သည်။ ဈေးကွက်မပြည့်စုံခြင်းများသည် ခုတ်လှဲ ထားသည့်သစ်လုံး သို့မဟုတ် အပင်များ အတွက် ပေးချေသောဈေးနှုန်းကို အခြေခံသည့် Stumpage valueကို တွက်ချက်ထားသည်။ ဝယ်ယူလိုသူ အနည်းငယ်သာ ရှိပြီး ရောင်းချ လိုသူများခြင်းကြောင့် ဖြစ်သည်။ သစ်ပိုင်ဆိုင်မှုများလည်း မရေရာမှုများ ဖြစ်လာပြီး အချို့သစ်များသည် တရားမဝင် သစ်ခုတ်ခံရမှုများ ဖြစ်လာလိမ့်မည် ဖြစ်သည်။

- သစ်စက်များသို့ရောက်ရှိသွားသော သစ်လုံးများအတွက် ပေးချေသောဈေးနှုန်းများ

  အဆိုပါဈေးနှုန်းသည် အခြားနည်းဖြင့် Stumpage value ခန့်မှန်းသည့် အချက်ဖြစ်သည်။ သစ်သယ်ယူစရိတ်ကုန်ကျမှုများနှင့် သစ်ခုတ်လှဲထုတ်လုပ်မှုကုန်ကျစရိတ်များကို သစ်တောအတွင်းမှ ပင်ထောင်သစ်များ၏Stumpage value ရရှိရန်နုတ်ယူသည်။ မည်သို့ပင်ဖြစ်စေ သစ်တောပိုင်ရှင်များ သို့မဟုတ် သစ်ထုတ်သူများသည် ၎င်းတို့၏သစ်လုံးများအား ရောင်းချရန် သစ်စက်အနည်းငယ်သာ ရှိလိမ့်မည်ဖြစ်သည်။ ထို့အပြင် ဝယ်ယူသူ နည်းပါးသည့်အတွက်လည်း သစ်လုံးဈေးကွက်သည် ပြိုင်ဆိုင်မှု ရှိလာမည်မဟုတ်ချေ။ ၎င်းမှာ ဝယ်သူများ၏ ဈေးကွက်ဖြစ်ပြီး သစ်လုံးဈေးနှုန်းများသည် Stumpage value ကို လျော့၍ တွက်ချက်ထားလိမ့်မည်ဖြစ်သည်။

- အိမ်သုံးနှင့်ပြည်ပပို့သစ်တောထွက်ပစ္စည်းများ၏ ဈေးနှုန်းများ

  Stumpage value ကို သစ်အချောထည်၊ သစ်ခွဲသား သို့မဟုတ် အထပ်သားများ၏ ဈေးနှုန်းဖြင့် တန်ဖိုးသတ်မှတ်နိုင်သည်။ Stumpage value များကို သစ်အချောထည် ထုတ်လုပ်မှုကုန်ကျစရိတ်၊ သယ်ယူပို့ဆောင်စရိတ်များနှင့် သစ်ထုတ်လုပ်စရိတ်များ နုတ်ယူပြီးနောက် ရရှိသည်။ သစ်ခွဲသားဈေးကွက်သည် များပြားသည့် ဈေးကွက် ပြိုင်ဆိုင်မှုများ ရှိသည်။

**သစ်တောအခွန်တော်ကောက်ခံမှုအဆင့်ထိန်းညှိခြင်း**

သစ်တောအခွန်ငွေကောက်ခံမှုများသည် ငွေကြေးဖောင်းပွမှုနှင့် ကုန်ကျစရိတ် ပြောင်းလဲမှုများနှင့်လက်ရှိတွင် ကြုံတွေ့နေရသည်။ ထို့ကြောင့် သစ်တောအခွန်ကောက်ခံသည့် ပုံစံများကို စနစ်တကျနှင့် ပြန်လည်စစ်ဆေးရန်လိုအပ်သည်။ Stumpage valueသည် သစ်တောအခွန်အခများနှင့် သစ်တောထွက်ပစ္စည်းဈေးနှုန်း အတက်အကျများအတွက် ဈေးနှုန်းများထိန်းညှိပေးသည်။

နောက်ကျသည့် အခွန်ကောက်ခံမှုထိန်းညှိခြင်းသည် အချိန်ကာလတိုမည်ဆိုလျှင် သစ်တောအခွန်ကောက်ခံမှု ထိန်းညှိခြင်းအားဖြင့် သစ်တောထွက်ပစ္စည်း ဈေးနှုန်းအတက်အကျကို သစ်အခြေခံစက်မှုလုပ်ငန်း လျော့ကျစေရန် မသေချာစေသည့်အတွက် အစားပြန်လျော်ပေးလိမ့်မည်ဖြစ်သည်။

**သစ်ထုတ်ခွင့်တန်ဖိုးများနှင့် သစ်ထုတ်ခွင့်မှကောက်ခံသည့်အခွန်တော်များ**

သစ်ထုတ်ခွင့်များသည် Stumpage value ရှိသည့် သစ်များပိုင်ဆိုင်မှုကို အာမခံချက်ပေးပါသည်။ သစ်ထုတ်ခွင့်ပါမစ်များသည် ခွင့်ပြုသည့်သစ်ထုတ်ဧရိယာရှိ AAC ကို ရရှိစေသည်။ သစ်ထုတ်ခွင့်တန်ဖိုးများတွင် သစ်ထုတ်ခွင့်များမှ ထောက်ပံ့သောသစ်လိုအပ်ချက်များ၏ တန်ဖိုးပါဝင်သည်။ ထို့ပြင် သစ်တောအခွန်ကောက်ခံမှုများသည် သစ်၏ Stumpage value လျော့တွက်မှုပမာဏကိုလည်း ဖော်ပြပါသည်။ သစ်ထုတ်ခွင့်ပါမစ်များကို တင်ဒါခေါ်ခြင်း သို့မဟုတ် လေလံပစ်ခြင်းဖြင့် ခွဲဝေပေးသည်။ အဆိုပါ တင်ဒါနှင့် လေလံများသည် Stumpage value ကို ထင်ဟပ်စေသည့် သစ်တောအခွန်တော်ကောက်ခံမှု ထောက်ပံ့ပေးလိမ့်မည်ဖြစ်သည်။ အပြိုင်အဆိုင်လေလံစွဲခြင်းမှရရှိသည့် သစ်ထုတ်ခွင့်ပါမစ်များသည် သစ်ထုတ်ခွင့်တန်ဖိုးများကို အခြားသစ်ထုတ်ခွင့်ပါမစ်များအတွက် သစ်ထုတ်ခွင့်အပေါ် အခွန်အခကောက်ခံသည့်အဆင့်များ သတ်မှတ်ရန်အသုံးပြု နိုင်သည်။

**အခန်း(၁၀)**

## သစ်တောတန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာမူဝါဒများအနှစ်ချုပ်

အပူပိုင်းသစ်တောသယံဇာတများကို စဉ်ဆက်မပျက်ထုတ်ယူသုံးစွဲနိုင်ရန် ကောက်ခံစေခြင်းအားဖြင့်လည်းကောင်း၊ အလွန်အကျွံသစ်ထုတ်ခြင်းကို ကာကွယ်ခြင်းအားဖြင့်လည်းကောင်း၊ သစ်များကို ပိုမိုထိထိရောက်ရောက် အသုံးပြုရန် ကောင်းမွန်သောစီးပွားရေးလမ်းကြောင်းများ ချမှတ်ခြင်းအားဖြင့် အထောက်အပံ့ပေးထားပါသည်။ သစ်တောစီမံခန့်ခွဲရေးလုပ်ငန်းများနှင့် သစ်တောစီမံ အုပ်ချုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်လည်း အပူပိုင်းသစ်တောများ၏ ရေရှည်တည့်တံ့သော စီမံအုပ်ချုပ်မှုတွက်များစွာလိုအပ်ပါသည်။ ကောင်းမွန်သော စီးပွားရေးလမ်းကြောင်းများ ဖော်ထုတ်ခြင်းနှင့် ကောင်းမွန်သောအခွန်ကောင်ခံခြင်းဆိုင်ရာ ပုံစံများသည်လည်း ဤလုပ်ငန်းအား ကောင်းစွာအထောက်အပံ့ဖြစ်စေပါသည်။ သစ်တောတန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာ မူဝါဒများသည် သစ်ထုတ်ရာတွင်ပါရှိသော ကုန်ကျစရိတ်များ၊ ထုတ်ယူရရှိလာမည့်သစ်တော သယဇာတများ၏ တန်ဖိုးကိုပြန်လည်ရရှိလာမည့် (forest fees)များဖြင့် ကောင်းစွာကိုက်ညီစေရပါမည်။

ထို့အပြင် scarcity prices များသတ်မှတ်ထားခြင်းအားဖြင့် သစ်ထုတ်ယူနိုင်သော သစ်တော ဧရိယာများ လျော့နည်းသွားမည်ဖြစ်ပါသည်။ ဤကဲ့သို့သော သစ်တောတန်ဖိုး သတ်မှတ်ခြင်းဆိုင်ရာ မူဝါဒများကို ကျင့်သုံးခြင်းအားဖြင့် လက်ရှိသစ်ထုတ်လုပ်နေသော နိုင်ငံများသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ သစ်တောစက်မှုကုန်ထုတ်လုပ်ငန်းများ လုပ်ဆောင်ရာတွင် ယှဉ်ပြိုင်ရန် မလိုတော့ပါ။ သစ်တောဝန်ဆောင်ခ တိုးမြင့်ကောက်ခံမှုကို ကျင့်သုံးခြင်းအားဖြင့် လက်ရှိ သစ်ထုတ်လုပ်နေသော နိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ သစ်တောစက်မှုကုန်ထုတ် လုပ်ငန်းများ လုပ်ဆောင်ရာတွင် ယှဉ်ပြိုင်ရန်မလိုတော့ပါ။ သစ်တောဝန်ဆောင်ခ တိုးမြင့်ကောက်ခံလေလေ၊ ကမ္ဘာ့စျေးကွက်တွင် အရေအတွက်ကို လျော့ချတင်ပို့လေလေ၊ အပူပိုင်းသစ်တောများ၏ တန်ဖိုးမှာ မြင့်တက်လာလေလေ ပင်ဖြစ်ပါသည်။ ဤသို့ဖြင့် အကျိုးအမြတ် ပိုမိုရလေလေ ဖြစ်ပါသည်။ ထိုအခါ သစ်တောထွက်ပစ္စည်း တန်းဖိုးမြင့်တက်လာပြီး စက်မှုနိုင်ငံများသို့ လျော့ချ တင်ပို့သော အရေအတွက်နှင့် ကောင်းစွာ ကိုက်ညီနေပါလိမ့်မည်။ တန်ဖိုးမြင့်တက်လာခြင်းသည် သစ်တောစီမံအုပ်ချုပ်ရာတွင်လည်း ကောင်းစွာ တိုးတက်စေပါသည်။ သို့မှသာ သစ်တောများအား ထိန်းသိမ်းပြုစုရကျိုး နပ်ပါလိမ့်မည်။

နိဂုံးချုပ်အနေဖြင့် သစ်တောထွက်ပစ္စည်း တန်ဖိုးမြင့်တက်လာခြင်းသည် သစ်တောစီမံအုပ်ချုပ်မှုကို ကောင်းစွာရေရှည်တည်တံ့စေပါသည်။ သစ်တောဌာနများ၏ဘဏ္ဍာရေး အခြေအနေအား ပိုမိုတောင့်တင်းလာစေသကဲ့သို့ အခွန်ကောက်ခံမှုစနစ်လည်း ပိုမိုကောင်းမွန် လာစေပါသည်။ သို့မှသာ မူဝါဒရေးရာအရရော၊ ဘဏ္ဍာရေးအခြေအနေအရပါ ထိန်းသိမ်း ရကျိုးနပ်ပါသည်။ အကယ်၍ အပူပိုင်းသစ်တောများ ပိုမိုတန်ဖိုးတက်လာပြီး ကောင်းစွာ စီမံအုပ်ချုပ်နိုင်မည်ဆိုပါက အပူပိုင်းဒေသ နိုင်ငံများရှိ သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ပိုမိုစိတ်ဝင်စားလာကြမည်မှာ ဧကန် မလွဲပင်ဖြစ်ပါသည်။